**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၉)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၂.၅၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၁-၃-၂၀၁၉ ရက်နေ့တွင်

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း အစည်းအဝေးတက်ရောက်ရန်။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးမျိုးထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဥပဒေကြမ်းအစည်းအဝေး တက်ရောက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လူထုဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဥပဒေကြမ်းအစည်းအဝေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ပခရီးစဉ်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အစား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဟု အမည်ပြောင်းလဲ ပြင်ဆင်ခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က ဖွဲ့စည်းထားသော ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ အစား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီဟု အမည်ပြောင်းလဲ

ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်တို့ကိုလည်း ပြင်ဆင်သတ်မှတ်သွားမှာဖြစ်ပါကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကော်မတီရဲ့ တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြပါမယ်။ (၁) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို ကူညီဆောင်ရွက်ပေးရန်။ (၂) တိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသော မွေးရာပါ နိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။ (၃) ဥပဒေမဲ့ ဝင်ရောက်သူများအား ဖော်ထုတ်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်။ (၄) နိုင်ငံခြားသားများ ပြည်တွင်း၌ နေထိုင်မှု၊ သွားလာလှုပ်ရှားမှုများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်။ (၅) တစ်မျိုးသားလုံး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် လူဦးရေမူဝါဒကို ချမှတ်နိုင်ရန် လူဦးရေဆိုင်ရာ ပြည်တွင်းပြည်ပ အချက်အလက်များကို လေ့လာဆန်းစစ် အကဲဖြတ်ရာတွင် ကူညီပေးရန်တို့ ဖြစ်ပါတယ်။ အပိုဒ် ၆ ကနေ အပိုဒ် ၁၁ အထိကတော့ ယခင် ကော်မတီရဲ့ တာဝန်များအတိုင်း ဖြစ်ပါသဖြင့် ကိုယ်စားလှယ်များကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ ကော်မတီရဲ့ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ (၁) ကော်မတီသည် ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ သို့မဟုတ် ဖြေကြားနိုင်တဲ့ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး ဆွေးနွေးမေးမြန်းနိုင်ရန်။ (၂) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့်

ပြည်တွင်းနေရာဒေသ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်။ ထိုသို့ လေ့လာဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။ (၃) အလုပ်သမားဥပဒေပါ အခွင့်အရေးများကို အလုပ်သမားသမဂ္ဂများ ရရှိခံစားနိုင်ရန် အခြေအနေကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဆောင်ရွက်ထားမှုအခြေအနေအား အချိန်နှင့်တစ်ပြေးညီ တောင်းဆိုပိုင်ခွင့်၊ မေးမြန်းပိုင်ခွင့်ရှိသည်။ (၄) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့ကဖြစ်စေ ပြုပြင်ပြောင်းလဲရန် စီစဉ်ပေးသင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာ အမှုတွဲနှင့်တကွ ပြည့်စုံစွာ ပြုစုတင်ပြရမည်။

(၅) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့် ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏ အစီအစဉ်ဖြင့် တရားဝင် ဆောင်ရွက်ခွင့်ရှိသည်။ (၆) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုနိုင်ပါသည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံ အချိန်မီတင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများကို လွှတ်တော်ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။ (၇) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ချက်များကို ဦးစားပေး အစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများ ပြုစုတင်ပြရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အစား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဟု အမည်ပြောင်းလဲ ပြင်ဆင်ခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အစား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဟု အမည်ပြောင်းလဲ ပြင်ဆင်ခြင်း၊ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ၊ မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ အစား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဟု အမည်ပြောင်းလဲ ပြင်ဆင်ခြင်း၊ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် စိုင်းထွန်းအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉** - ၀၈၂
**ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၈ ရက်**

၁။　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၃ - ၁ - ၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်၊ (၂)နယ်အမှတ်၊ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒ(၃)၊(ဘောဂဗေဒ)သန်းစိုး(ခ)ဦးသန်းစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်တို့က(၄) ၇ - ၂ - ၂၀၁၉

ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြု ဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ပညာရှင်တို့နှင့် ၁၃ - ၂ - ၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း ဆွေးနွေးခဲ့ရာတွင် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းသုံးနှုန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် လိုအပ်ခြင်း၊ အစဉ်တစိုက်သုံးစွဲခဲ့သည့် ဝေါဟာရတစ်ရပ်ကို ပြင်ဆင်ရန် မသင့်ခြင်း၊ ပြည်သူအများ ရှင်းလင်းစွာ သိရှိနားလည်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် အဆိုပြု ဥပဒေကြမ်း၏ခေါင်းစဉ် အစား လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းတစ်ခုလုံးတွင် ဖော်ပြပါရှိသော မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ကို လူမွဲခံယူခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လူမွဲခံယူခြင်း ဆိုင်ရာ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလ ပြင်ဆင်ချက်များနှင့် ယခု ထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက် နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့တော့ ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်တဲ့ -

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေ**

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ -

ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၄၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂)(၃)(၄)(၅)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄ နဲ့ အပိုဒ်၂၀ ခြေဆင်း ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၄၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂)(၃)(၄)(၅)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄၊ အပိုဒ် ၂၀ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ -

အပိုဒ် ၂၅ ကနေ အပိုဒ် ၅၉ အထိ အတွင်းမှာရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၄၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၉၊ အပိုဒ်ခွဲ(က)(ခ)(ဃ) ပြင်ဆင်ချက်များကို လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၄၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၉၊ အပိုဒ်ခွဲ(က)(ခ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အပိုဒ် ၆၀ ကနေတော့ အပိုဒ် ၇၆ အတွင်းမှာရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အပိုဒ် ၆၀၊ အပိုဒ် ၆၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၃၊ အပိုဒ် ၇၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၆၊ အပိုဒ်ခွဲ (ခ)ရဲ့ခြေဆင်း၊ အပိုဒ် ၇၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၀၊ အပိုဒ် ၆၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၃၊ အပိုဒ် ၇၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၆၊ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ် ၇၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၀၉ ကနေပြီးတော့ အပိုဒ် ၁၁၁ အထိ ကြားထဲက ပြင်ဆင်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်တွေကတော့ -

အပိုဒ် ၁၀၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) နဲ့ (၃)၊ အပိုဒ် ၁၀၉၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၁၀၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၁၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)နဲ့(၂)၊ အပိုဒ် ၁၁၀၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)နဲ့(၂)၊ အပိုဒ် ၁၁၁ ပြင်ဆင်ချက်များ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော် က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)(၃)၊ အပိုဒ် ၁၀၉၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၁၀၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၁၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၁၁၀၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၁၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၀၇ ကနေပြီးတော့ အပိုဒ် ၂၄၈ ကြားမှာရှိတဲ့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက် တွေကတော့ -

အပိုဒ် ၂၀၇၊ အပိုဒ် ၂၁၃၊ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၂၃၂၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၂၃၄၊ အပိုဒ်ခွဲ(စ) ရဲ့ ခြေဆင်း၊ အပိုဒ် ၂၄၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၄) ပြင်ဆင်ချက်များ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀၇၊ အပိုဒ် ၂၁၃၊ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၂၃၂၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၂၃၄၊ အပိုဒ်ခွဲ(စ) ခြေဆင်း၊ အပိုဒ် ၂၄၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၄) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၅၀ ကနေပြီးတော့ အပိုဒ် ၂၇၉ အထိ ဆက်လက် အဆိုတင် သွင်းသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်တွေကတော့ -

အပိုဒ် ၂၅၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၅၅၊ အပိုဒ်ခွဲ(ခ)နဲ့(ဂ)၊ အပိုဒ် ၂၅၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၆၀၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၇၈၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၇၉၊

အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁) တို့ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၅၅၊ အပိုဒ်ခွဲ(ခ)(ဂ)၊ အပိုဒ် ၂၅၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၆၀၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၇၈၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၇၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၈၉ ကနေပြီးတော့ အပိုဒ် ၃၀၀ အထိ ပြင်ဆင်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်များကတော့ -

အပိုဒ် ၂၈၉၊ အပိုဒ်ခွဲ(ခ)နဲ့(ဆ)၊ အပိုဒ် ၂၉၀၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၅၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၉၈၊ အပိုဒ် ၂၉၉၊ အပိုဒ် ၃၀၀၊ အပိုဒ်ခွဲ(က)နဲ့(စ) ပြင်ဆင်ချက်များ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၉၊ အပိုဒ်ခွဲ(ခ)(ဆ)၊ အပိုဒ် ၂၉၀၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၅၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၉၈၊ အပိုဒ် ၂၉၉၊ အပိုဒ် ၃၀၀၊ အပိုဒ်ခွဲ(က)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၀၁ ကနေပြီးတော့ အပိုဒ် ၃၇၀ အထိ ပြင်ဆင်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်များကတော့ -

အပိုဒ် ၃၀၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၀၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၅၁၊ အပိုဒ် ၃၆၀ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)၊ အပိုင်း (၁၀) ရဲ့ အပိုင်းခေါင်းစဉ် ပြင်ဆင်ချက် အပိုဒ် ၃၇၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)(၃)နဲ့(၄) ပြင်ဆင်ချက်များ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၀၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၀၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၅၁၊ အပိုဒ် ၃၆၀ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)၊ အပိုင်း(၁၀) အပိုင်းခေါင်းစဉ်၊ အပိုဒ် ၃၇၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)(၃)(၄) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အပိုဒ် ၃၇၂ ကနေပြီးတော့ အပိုဒ် ၃၈၇ အထိ ပြင်ဆင်ချက်များကို ဆက်လက် တင်ပြပါမယ်။ ပြင်ဆင်ချက်တွေအနေနဲ့ကတော့ -

အပိုဒ် ၃၇၂၊ အပိုဒ် ၃၇၃၊ အပိုဒ် ၃၇၄၊ အပိုဒ် ၃၇၅၊ အပိုဒ် ၃၈၀၊ အပိုဒ် ၃၈၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၈၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) ပြင်ဆင်ချက်များ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇၂၊ အပိုဒ် ၃၇၃၊ အပိုဒ် ၃၇၄၊ အပိုဒ် ၃၇၅၊ အပိုဒ် ၃၈၀၊ အပိုဒ် ၃၈၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၈၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၉၃ ကနေပြီးတော့ အပိုဒ် ၄၁၉ အထိ ပြင်ဆင်ချက်များနဲ့ ဖြည့်စွက်ချက် တစ်ချက်တို့ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်တွေအနေနဲ့ကတော့ -

အပိုဒ် ၃၉၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၉၉၊ အပိုဒ် ၄၀၀၊ အပိုဒ် ၄၀၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၁)(၂)၊ အပိုဒ် ၄၁၁ အပိုဒ်ခွဲ(က) ရဲ့ ခြေဆင်း၊ အပိုဒ် ၄၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၄၁၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၁၉ တို့ကတော့ ပြင်ဆင်ချက်များဖြစ်ပြီးတော့ အပိုဒ် ၄၁၈ အပိုဒ်ခွဲ(ခ) ကတော့ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြပါ ပြင်ဆင် ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၉၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၉၉၊ အပိုဒ် ၄၀၀၊ အပိုဒ် ၄၀၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၄၁၁ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ် ၄၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၄၁၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၁၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ စကားရပ်ပြင်ဆင်ချက်ကို တင်ပြမှာဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်နှင့်တကွ ဥပဒေကြမ်းတစ်ခုလုံးမှာ ပါရှိတဲ့ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဆိုတဲ့စကားရပ်များ အစား လူမွဲခံယူခြင်းဆိုင်ရာ ဆိုတဲ့စကားရပ်ကို ဥပဒေကြမ်းတစ်ခုလုံးမှာ ပြောင်းလဲပြင်ဆင်ထားပါတယ်။ ဒီပြင်ဆင်ချက်ကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် လူမွဲခံယူခြင်းဆိုင်ရာ ဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်း ကော်မတီရဲ့ ပယ်ဖျက်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၄၊ အပိုဒ် ၁၅၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၁၃ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၃၅၉ အပိုဒ်ခွဲ(ဂ) တို့ကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင်တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးကြီးမှာ ပြင်ဆင်ချက်တွေနဲ့ အတည်ပြု လိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပဖြစ်တဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကိုတော့ မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၂၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၂၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ

မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးမြပဟန် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြပဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း တင်သွင်းခြင်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အမျိုးသားလွှတ်တော်က မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ပြီးဖြစ်သည့် အတွက် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင် ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် စောယှားဖောင်အွာ က ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းထားတဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy)ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ပေါ်ပေါက်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့

လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ တစ်ဦးလျှင် (၈)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမြေယာနဲ့ပတ်သက်တဲ့ ပေါ်လစီတွေ၊ ဥပဒေတွေ ရှိနေပေမယ့်လည်း ဒါတွေကို အကောင်အထည်ဖော်ဖို့ နည်းပညာ၊ လူ့စွမ်းအား၊ အရင်းအမြစ် လိုအပ်မှုတွေ များစွာရှိနေဆဲ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိခိုက်ခြင်း၊ ထုတ်လုပ်မှု ကျဆင်းခြင်းနှင့် လွဲချော်တဲ့စီမံကိန်းများအပြင် လိုအပ်ချက်အားလုံးကို ဘယ်လိုမှမဖြည့်ဆည်းနိုင်တာကို ရင်ဆိုင်နေရဆဲ ဖြစ်သလို မြေယာအသုံးပြုခွင့် လျှောက်ထားခွင့်နှင့် စီမံခန့်ခွဲမှုများမှာလည်း မလျော်ကန်တဲ့ လာဘ်ပေး လာဘ်ယူမှုများ ဆက်ရှိနေဆဲ ဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲမှုအားလုံးရဲ့ ဥပဒေတိုင်းမှာ စိန်ခေါ်မှုတွေ ရှိနေတယ်။ လက်တွေ့နဲ့ ကွာဟချက်တွေ၊ ဖြစ်ပေါ်လာမယ့် အခက်အခဲ မဖြေရှင်းနိုင်တာတွေ ရှိနေသေးသမျှ မြေအသုံးချမှုရည်မှန်းချက်နဲ့ လုပ်ငန်းစဥ်တွေဟာ မပီပြင်လာဘဲ အသိမ်းဆည်းခံ ပြဿနာတွေ ပြန်လည်ထူထောင်ဖို့ လုပ်ငန်းတွေဟာ အားနည်းနေဆဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင်ပြောသလို အမျိုးသားမြေအသုံးချမှုမူဝါဒကို သုံးသပ်ပြီး ရေတို ရေရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဥ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည် ဖော်နိုင်ပါမှ ကောင်းမွန်တဲ့ မြေယာစီမံခန့်ခွဲရေးကို အထောက်အကူပြုနိုင်တဲ့ နိုင်ငံတော်စဥ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်နိုင်တဲ့အဆင့်ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီလို ဖြစ်ဖို့ အမျိုးသားမြေဥပဒေတစ်ရပ်ကို နောက်မှရေးဆွဲလို့ မဖြစ်သလို လက်ရှိကြုံတွေ့နေရတဲ့စိန်ခေါ်မှု တွေကို အမျိုးသားအဆင့် မြေယာနှင့်ပတ်သက်တဲ့ ကော်မတီအသီးသီးက တစ်ပြေးညီ ပူးပေါင်း ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အဆင့် ဦးဆောင်ကော်မတီက လမ်းညွှန်မှုပေးဖို့ လိုအပ်ပါတယ်။ အစိုးရစီမံခန့်ခွဲခွင့်ရှိတဲ့ မြေများနဲ့ပတ်သက်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ဟာ တစ်နေရာမှာတစ်မျိုး ဆိုသလို မရှင်း မရှင်း မဖြစ်သင့်ပါဘူး။ တစ်ခုနဲ့တစ်ခု သဟဇာတ ချိတ်ဆက်မိမိ ဖြစ်ဖို့လိုပါတယ်။

အဲဒီလို လုပ်ငန်းတွေကို ဘယ်တော့လုပ်မှာလဲ၊ အချိန်ဆွဲနေဦးမှာလား ဘယ်သူတွေ တာဝန် ယူမှာလဲ၊ ဒီတိုင်းပဲ လျစ်လျူရှုထားဦးမှာလားဆိုတာ များစွာသုံးသပ်ဖို့ လိုနေပါတယ်။ တိကျခိုင်မာတဲ့ အမျိုးသားမြေဥပဒေ မရှိသေးရင် မြေယာပြဿနာများကလည်း ပြောမဆုံးပေါင် တောသုံးတောင်လို ခေတ်အဆက်ဆက်မှာ တွေ့နေရဦးမှာ ဖြစ်ပါတယ်။ မြေအသုံးချမှုရည်မှန်းချက်နဲ့ လုပ်ငန်းစဥ်တို့ ပီပြင် လာဖို့အတွက်ဆိုရင် မြေယာအသုံးပြုခွင့် လျှောက်ထားမှုနှင့် စီမံခန့်ခွဲမှုတွေမှာ လာဘ်ပေးလာဘ်ယူ

ဆိုတဲ့ အဂတိတရားတွေ လုံးဝကင်းရှင်းအောင် သက်ဆိုင်သူတွေအပြင် ပြည်သူတွေကပါ မျက်ခြေမပြတ် စောင့်ကြည့်ခြင်းများအပြင် တားမြစ်နိုင်ဖို့ တိုင်တန်းဖော်ထုတ်ခြင်းများလည်း လိုပါမယ်။

ဒါမှသာ အဆိုရှင် တင်သွင်းတဲ့ မြေအသုံးချမှုဆိုင်ရာ မူဝါဒ၊ ဥပဒေများ၊ မဟာဗျူဟာ နှစ်အလိုက် ကာလတိုကာလရှည်စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များနဲ့မြေယာစီမံခန့်ခွဲမှု အားကောင်းဖို့အတွက် နည်းပညာ လူ့စွမ်းအားအရင်းအမြစ်တွေ အပြည့်အဝ ဖြည့်ဆည်းပေးရမယ့်အပြင် တာဝန်ခံမှု၊ တာဝန်ယူမှု အားကောင်းတဲ့ အမျိုးသားမြေအသုံးချမှုစနစ်တစ်ရပ် ပေါ်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုတဲ့ မြေယာစီမံခန့်ခွဲမှုဆိုတာ အရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအားကောင်းဖို့လိုသလို ထိရောက်မှုမရှိတဲ့ အကျိုးမဲ့အရင်းအမြစ် ဖြုန်းတီးမှုများကို မစောင့်စားနိုင်ရင် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကို မကြာခဏ ခံစားကြရပြီး ရေရှည်မှာ ဆင်းရဲတွင်းနက်စေတဲ့ အခြေအနေမျိုးကို ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာလည်း တစ်တိုင်းပြည်လုံးရဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အခြေအနေဟာ အမြော်အမြင်မဲ့ လုပ်ရပ်တွေကြောင့် ရစရာမရှိအောင် ပျက်စီးနေခဲ့တာ အားလုံး အသိပဲဖြစ်ပါတယ်။ စီမံခန့်ခွဲသူတွေ အသုံးမကျလို့ သယံဇာတဆိုတာ တိုင်းပြည်တိုးတက်မှုကို ဖြစ်ရမယ့်အစား ကျိန်စာတစ်ပါးအနေနဲ့ လူသားတွေရဲ့ အမြင်မှားမှုကို ဖြစ်ပေါ်စေပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကောင်းတဲ့နေရာမှာ နောက်ဆုံးဖြစ်ပေမယ့် သစ်တောပြုန်းတီးမှု၊ ဆင်းရဲနိမ့်ကျမှု၊ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုဆိုတဲ့ စာရင်းမှာတော့ ထိပ်ဆုံးမှာ ဗိုလ်ဆွဲနေရခြင်းဟာ မြေယာစီမံခန့်ခွဲမှု အလွဲတွေကြောင့် တောင်ပစ် တောပြုန်း လယ်မြေဆုံး ဆိုတာတွေက လက်ရှိသက်သေပြနေတဲ့ အချက်တွေပါပဲ။ Power Point အသုံးပြုခွင့်ပြုပါရန် တောင်းဆိုအပ်ပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးကို မကြာခင်ကမှ နိုင်ငံတော် အတိုင်ပင်ခံ သွားတုန်းက ဒီရေတောတွေကို ဥပဒေမဲ့ စိတ်ကြိုက်ခုတ်ထွင်ပြီး ပုစွန်မွေးမြူတဲ့ လုပ်ငန်းရှင်တွေကို အရေးယူသင့်တယ်၊ တားမြစ်သင့်တယ်လို့ ညွှန်ကြားခဲ့ပေမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တစ်ဧကကို (၃)သောင်းကျပ်နှုန်းနှင့် ဈေးဖြတ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတွေမှာပဲ ဖြေလျှော့ခွင့် ပြုလိုက်တယ်ဆိုတာ ဟုတ်သလို ဖြစ်နေပေမယ့် မကြာခင် ရောယောင်ပြီး တနင်္သာရီတိုင်းဒေသကြီးက ငါးကန်၊ ပုစွန်ကန်တွေဖြစ်နေတဲ့ ဒီရေတော ဆုံးရှုံးမှုပြဿနာတွေကို ဥပဒေမဲ့ ခွင့်ပြုပေးလိုက်မှာကို စိုးရိမ်နေပါတယ်။

အဲဒီလိုသာဆိုရင် ဥပဒေဆိုတာ လိုက်နာဖို့မဟုတ်ဘဲ ဖောက်ဖျက်တဲ့သူအတွက် ပြုပြင်ဖန်တီးခွင့်ရသလို ဖြစ်နေပါလိမ့်မယ်။ ယခုလို အစဉ်အဆက် စည်းကမ်းဖောက်ဖျက်ခဲ့ကြသူတွေဟာ ဘာအဖွဲ့ချုပ်၊ ညာအဖွဲ့ချုပ် ခေါင်းစဉ်တပ်ပြီး ဦးဆောင်နေကျ သူတွေကြီးထဲကပဲ ဖြစ်တယ်။ ဒီလို ရာသက်ပန် နေရာယူထားကြသူတွေရဲ့ လုပ်စားနေကျ အကွက်တွေနဲ့ အတိုင်ပင်ခံပြောတဲ့ ဥပဒေနှင့် အညီဖြစ်ဖို့ဆိုတာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေလို့ပါပဲ။ ဒါကြောင့် မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်ဟာ လက်ရှိသွားနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွက်အရေးပါတဲ့အချက် တစ်ချက်ဖြစ်ပါတယ်။ အစိုးရရဲ့ ခေတ်စနစ် ပြောင်းလဲမှုဖြစ်စဉ်မှာ ဖက်ဒရယ်စနစ်ကို သွားမယ်ဆိုရင် အချင်းချင်း သဘောတူညီမှုတွေ ရယူရာမှာ မြေယာကဏ္ဍရဲ့အရေးပါမှုကို ချန်ထားလို့မရသလို မြေနှင့် သက်ဆိုင်တဲ့ ပြည်သူတွေ စိတ်ကျေနပ်တဲ့ မြေယာစီမံအုပ်ချုပ်မှုမျိုး အောက်ခြေကစပြီး ဖော်ဆောင်

နိုင်ပါမှ ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့အဖွဲ့အစည်းမျိုး ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ လူနည်းစု လုပ်ငန်းရှင်ပြေလည်နေရုံသက်သက်နဲ့တော့ တည်ငြိမ်အေးချမ်းတဲ့ လူ့အဖွဲ့အစည်းမျိုး ပေါ်ထွန်းလာဖို့ အလှမ်းဝေးနေပါသေးတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ အခြေအနေကောင်းတွေရောက်ရှိဖို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းတဲ့ အမျိုးသားမြေဥပဒေ အမြန်ဆုံး ပေါ်ပေါက်လာစေမယ့် အထက်ပါ အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါကြောင်း ရှင်းလင်းတင်ပြလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ဝန်ထမ်းများနဲ့ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ ဒေါက်တာပြည့်ဖြိုး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) တင်သွင်းခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy)ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုကို လေ့လာတဲ့အခါမှာ အန္တိမရည်မှန်းချက်ဖြစ်တဲ့ အမျိုးသားမြေဥပဒေ (National Land Law) ရေးဆွဲနိုင်ဖို့အတွက် ဦးတည်ထားပြီးတော့ ဒီအတွက် မဖြစ်မနေဆောင်ရွက်ထားရမယ့် ပြင်ဆင်မှုတွေ၊ မြေအသုံးချစီမံအုပ်ချုပ်မှုမှာ တစ်နိုင်ငံလုံး လွှမ်းခြုံ ချိတ်ဆက်မှုရှိပြီး သဟဇာတဖြစ်တဲ့ လုပ်ထုံးလုပ်နည်း ယန္တရားတစ်ရပ် ထူထောင်သွားဖို့ ဆိုပြီးတော့ အဆိုရှင်က ရည်ရွယ်တယ်လို့ နားလည်မိပါတယ်။ ဒီရည်ရွယ်ချက်ကို ဖော်ဆောင်ဖို့ဆိုရင် စီမံကိန်းတွေကို ကာလလတ်၊ ကာလရှည်စသဖြင့် ပိုင်းခြားသတ်မှတ်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း စီမံကိန်းမျှော်မှန်းချက်များအလိုက် မူဝါဒ မဟာဗျူဟာ လုပ်ငန်းစဉ် မူဘောင်များ ချမှတ်ကာ အကောင်အထည်ဖော် သွားရမှာ ဖြစ်ကြောင်း အဆိုရှင်က တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြေယာအသုံးချ စီမံခန့်ခွဲမှုကို လုပ်ဆောင်နေကြတဲ့ ဌာနအဖွဲ့အစည်းတွေဟာ သူ့ဥပဒေနှင့်သူ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို တစ်ခုနဲ့တစ်ခု Inline မဖြစ်တဲ့ လုပ်ထုံးလုပ်နည်း ဥပဒေတွေနဲ့ စခန်းသွားနေကြတာ ဖြစ်ပါတယ်။ ဒါ့အပြင် ပါဝင်ဖော်ဆောင်နေကြတဲ့ ဌာနအဖွဲ့အစည်းတာဝန်ရှိသူတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည် အားနည်းမှုတွေ၊ စိတ်စေတနာအားနည်းမှုတွေ၊ ကိုယ်ကျိုးရှာမှုတွေက မြေယာပြဿနာများကို ပိုမိုရှုပ်ထွေးစေခဲ့တဲ့ အကြောင်းရင်းခံတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် မြေယာစီမံအုပ်ချုပ်ရေးယန္တရားမှာ အခြေခံအကျဆုံးဖြစ်တဲ့ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေမှာ အရာထမ်း၊ အမှုထမ်းတို့ရဲ့ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝဖို့နဲ့ ဝန်ထမ်းအင်အား အလုံအလောက်ဖြစ်ဖို့၊ နည်းပညာ အထောက်အကူနှင့် ပြည့်စုံဖို့အတွက်ကို လုပ်ငန်းအစီအစဉ်တွေ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ကျွန်မတို့အမြဲတမ်း ကြုံတွေ့နေရတဲ့ အခြေအနေတစ်ရပ်ကတော့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာစာရေးနှင့် နယ်မြေတာဝန်ခံ မြေတိုင်းစာရေးတွေဟာ ချိတ်ဆက်ဆောင်ရွက်မှု အားနည်းတဲ့အတွက် ရပ်ကွက်/ကျေးရွာ အဆင့်လောက်မှာ ဆောင်ရွက်ရင် ပြေလည်ရမယ့် မြေယာပြဿနာတွေဟာ မလိုအပ်ဘဲ မြို့နယ်၊ ခရိုင်၊ ပြည်နယ် နိုင်ငံတော်အဆင့်ထိ ရောက်ရှိလာတာမျိုးတွေရှိပါတယ်။ ပြဿနာသေးသေးလေးကို မဖြေရှင်းတာ၊ ဖြေရှင်းပေမယ့် ဥပဒေနှင့်မညီ ဘက်လိုက်ပြီးတော့ ဆောင်ရွက်တာတွေဟာ ပြဿနာကို ပိုမိုကြီးထွားလာစေတာပါ။

မြို့နယ်အဆင့် တာဝန်ရှိသူတွေလည်း ဒီလိုပါပဲ၊ မြို့နယ်မှာ ဆောင်ရွက်မယ့်ကိစ္စတွေကို မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းမရှိလို့ ခရိုင်၊ ပြည်နယ်တွေမှာ မသမာမှုတွေရှိလို့ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးနဲ့ ကျွန်မတို့ လွှတ်တော်တိုင်ကြားစာကော်မတီတွေမှာ မြေယာနဲ့ပတ်သက်တဲ့ တိုင်ကြားစာတွေ ထောင်သောင်းချီပြီး ရောက်ရှိနေတာဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေဟာ ကိုယ်တာဝန်ယူ အုပ်ချုပ်ရတဲ့ ရပ်ကွက်/ကျေးရွာအတွင်းက မြေရာဇဝင်၊ မြေအမျိုးအစား၊ မြေအတန်းအစားတွေ အကြောင်းကိုလည်း နားလည်သိရှိပြီး အုပ်ချုပ်ရမှာဖြစ်ပါတယ်။ အများစုက ဒါကို အရေးကြီးမှန်း၊ လေ့လာရမှန်း မသိပါဘူး။ တချို့ကျတော့ လုပ်ချင်ကိုင်ချင်စိတ်ရှိပေမယ့် ပညာအရည်အချင်း အားနည်းတာ၊ အတွေ့အကြုံ အားနည်းတာတွေကြောင့် ဘယ်လို/ဘယ်က စလုပ်ရမှန်း မသိဘဲလည်း ရှိနေတတ်ပါတယ်။ ဒီလိုနဲ့ပဲ မြေယာနှင့်ပတ်သက်လို့ ကိစ္စတွေပေါ်လာပြီဆိုတဲ့အခါ ကျွန်မတို့ ပြည်သူတွေမှာ အခက်အခဲတွေဖြစ်ရ၊ စိတ်ရှုပ်ရ၊ ငွေကုန်ကြေးကျများနဲ့ ကြုံတွေ့ရပါတော့တယ်။ မြေယာစီမံခန့်ခွဲတဲ့ တာဝန်ရှိသူကြီးတွေ၊ တာဝန်ရှိသူလေးတွေကြောင့်ပဲ မြေအသုံးချသူပြည်သူများ ဒုက္ခရောက်နေ ခဲ့ကြတာ ကျွန်မရှေ့က ကိုယ်စားလှယ်များလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။

မြေယာနဲ့ပတ်သက်ရင် ကျွန်မတို့ နိုင်ငံမှာ နိုင်ငံတော်နှင့် ပြည်သူတွေဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှေ့တိုးလုပ်ဆောင်ရမယ့် စီမံကိန်းလုပ်ငန်းစဉ်တွေအပြင် ခေတ်အဆက်ဆက် နာတာရှည်ဖြစ်လာတဲ့ မြေယာပြဿနာတွေကို ဖြေရှင်းရေးဆိုပြီးတော့ လုပ်ငန်းစဉ်အပိုင်း (၂)ပိုင်း ရှိပါတယ်။ နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး Sustainable Development Goal ရရှိဖို့အတွက်က စိုက်ပျိုးရေးကဏ္ဍ (Agriculture Sector)၊ စက်မှုကဏ္ဍ (Industrial Sector)၊ ဝန်ဆောင်မှုကဏ္ဍ (Service Sector) ဆိုတဲ့ ကဏ္ဍကြီးသုံးရပ် အားကောင်းလာစေဖို့အတွက် မူဝါဒ မဟာဗျူဟာတွေ

စီမံကိန်းတွေ စနစ်တကျ အမြန်ဆုံးဆောင်ရွက်ဖို့ လိုနေပါပြီ။ မြို့ပြတွေကို စနစ်တကျ ဘယ်လို တည်ဆောက်မှာလဲ၊ စိုက်ပျိုးမြေတွေကို ဒေသဝမ်းစာ ဖူလုံဖို့နဲ့ နိုင်ငံခြားကုန်သွယ်ဖို့အတွက် ဘယ်လို ဘယ်လောက် သတ်မှတ်ထားရှိဖော်ဆောင်မှာလဲ၊ Industrial Fund တွေ၊ Commercial Zone တွေကို ဘယ်လိုနေရာတွေမှာ Zone Cluster အလိုက် ခွဲခြားမှာလဲ၊ Transportation System တွေ ကောင်းမွန်ပြည့်စုံဖို့အတွက် မြေယာစီမံခန့်ခွဲမှုတွေနဲ့ ဘယ်လိုချိတ်ဆက်ပြီးတော့ မူဝါဒတွေ ချမှတ်မှာလဲ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် Mono Centric City တွေ တည်ထောင်ပြီး တော့ ဖော်ဆောင်မှာလား၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဖို့အတွက် ဘယ်လိုစီမံထားရှိမှာလဲ အစရှိတာတွေကို အားလုံး လွှမ်းခြုံထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အိမ်ထောင်စုတစ်ခု၊ စီးပွားရေးလုပ်ငန်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံမှာ ဖွံ့ဖြိုး တိုးတက်ဖို့ဆိုရင် စီးပွားရေးအမြင်ကြောင့် ကိုယ့်မှာ ဘာအရင်းအနှီး အားသာချက်ရှိလဲ ဆိုတာကို အရင်ဆုံး စဉ်းစားရမှာဖြစ်ပါတယ်။ အရင်းအနှီးဆိုရာမှာ Land, Labour, Capital ဆိုပြီးရှိပါတယ်။ ကိုယ့်မှာ ဘာအရင်းအနှီး အားသာချက်ရှိလဲဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့ Land Intensive မြေကို အဓိက ထားမှာလား၊ Labour Intensive လုပ်သားအရင်းအနှီးကို အခြေပြုမှာလား၊ Capital Intensive ဆိုတဲ့ ငွေကြေးအလုံးအရင်း အရင်းပြုပြီး စီးပွားရေး လုပ်မှာလားဆိုတာကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ အသုံးချရမယ့် မြေယာများစွာရှိနေသေးတဲ့အတွက် Land Intensive လုပ်ဖို့အတွက် အားသာချက်တွေ ရှိနေပါသေးတယ်။ ဒါကြောင့် အဆိုရှင် တင်ပြခဲ့သလို လိုအပ်နေ တာကတော့ အမျိုးသားမြေဥပဒေ National Land Law ပေါ်ပေါက်လာရေးပဲ ဖြစ်ပါတယ်။ ပညာရှင်များ၊ အတွေ့အကြုံရှိသူများ၊ စုပေါင်းပါဝင်ပြီးတော့ အချိန်ယူကာ ငွေကုန်ကြေးကျခံပြီးတော့ ရေးဆွဲခဲ့တဲ့ ၂၀၁၆ ခုနှစ် မြေအသုံးချမှု မူဝါဒဟာဆိုလို့ရှိရင် အတော်အတန်ပြည့်စုံကောင်းမွန်မှုရှိပေမဲ့ အဆိုရှင်ရဲ့ ဆွေးနွေးတဲ့အကြောင်းအရာများ၊ ကျွန်မ အပါအဝင် ကိုယ်စားလှယ်များ ထောက်ပြအကြံပြု ဆွေးနွေးခဲ့ကြတဲ့ကိစ္စရပ်များ ဆောင်ရွက်ဖို့ လိုအပ်နေပါသေးတယ်။ ဒီအချက်တွေကို ဖော်ဆောင် နိုင်မှသာလျှင် လက်ရှိရင်ဆိုင်နေရတဲ့ မြေယာအရှုပ်တော်ပုံများကို ဖြေရှင်းနိုင်မှာဖြစ်ပြီး တည်ငြိမ်မှု Stability ကို ရရှိနိုင်မှာဖြစ်ကာ ကျွန်မတို့မျှော်မှန်းတဲ့ ရေရှည်ဖွံ့ဖြိုးမှုကဏ္ဍ Sustainable Development Goal ကို ရောက်ရှိဖို့အတွက်ကို မြေယာကဏ္ဍကနေပြီး အားဖြည့်မောင်းနှင်နိုင်မှာ ဖြစ်ပါကြောင်း ဆွေးနွေးရင်း အဆိုရှင် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို ထောက်ခံလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစား ရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်

မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အစည်းအဝေးကြီးမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကို လေ့လာတဲ့အခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ ၂၀၁၆ ခုနှစ်၊ မြေအသုံးချမှုမူဝါဒအပါအဝင် မြေယာနှင့် ဆက်စပ်တဲ့ ဥပဒေနဲ့ အမိန့်ကြော်ငြာစာများ(၃၀)ကျော်ကို လက်တွေ့ကျင့်သုံး ကိုင်တွယ်ဆောင်ရွက်နေရတဲ့ အစိုးရဌာန ပေါင်း(၂၀)ကျော်က မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်နေရပေမယ့် လုံလောက်ပြည့်စုံမှု အားနည်းနေတဲ့အတွက် မြေယာကိစ္စနှင့်ပတ်သက်ရင် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်တဲ့ မြေယာဥပဒေ Mother Law တစ်ခုကို ရေးဆွဲနိုင်ဖို့ လိုအပ်ကြောင်း အဆိုရှင်က တင်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာလည်း လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်လွန်းတာကြောင့် မဟာဗျူဟာကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ဖို့လည်း တိုက်တွန်းထားတာကို တွေ့ရှိရပါတယ်။ ဒီအချက်များဟာဆိုရင်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်နေတဲ့ မဖြစ်မနေအကောင်အထည်ဖော်သင့်တဲ့ အချက်တွေဖြစ်လို့ ကျွန်တော့်အနေနဲ့ လေးနက်စွာ ထောက်ခံလိုက်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို မြေယာဥပဒေ Mother Law ကြီး ဖြစ်ပေါ်လာဖို့ဆိုတာ မြန်မာနိုင်ငံမှာ ကြုံတွေ့ခဲ့ရတဲ့ သမိုင်းကြောင်းဖြစ်ရပ်တွေ၊ နိုင်ငံရေးအလှဲ့အပြောင်းတွေနဲ့ လက်ရှိရင်ဆိုင်နေရတဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြဿနာတွေကြောင့် လတ်တလော အကောင်အထည်ဖော်နိုင်ဖို့ဆိုတာ အခက်အခဲများစွာ ကြုံတွေ့နိုင်တယ်ဆိုတာကို သိပါတယ်။ အခု ရေတွင်းတူး၊ အခု ရေကြည်သောက်ဖို့ ဆောင်ရွက်နေရတဲ့လုပ်ငန်းစဉ်များ မဟုတ်ဘူးဆိုတာလည်း ကျွန်တော်တို့ နားလည်ပါတယ်။ ရည်ရွယ်ချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်မူဘောင်များ ချမှတ်ပြီး မဟာဗျူဟာ၊ နည်းဗျူဟာကျကျ အစိတ်အပိုင်း ခွဲခြားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လက်ရှိပြည်သူ့အစိုးရအနေနဲ့လည်း တည်ဆဲမြေယာဥပဒေများနဲ့ လျော်ညီစွာ မြေအသုံးချမှုကောင်စီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ မြေအသုံးချမှုဝါဒများ ထုတ်ပြန်ခြင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ကျင့်သုံးရမယ့်မူဝါဒ (၅၁)ချက် ထုတ်ပြန်ခြင်း စတဲ့လုပ်ငန်းစဉ်များကို ဆောင်ရွက်နေလို့ ကြိုဆိုပါတယ်။ သို့သော်လည်း ထိုလုပ်ငန်းစဉ်များဟာ ဖော်ဆောင်နေပေမယ့် တိကျရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်တွေ၊ မဟာဗျူဟာမြောက် စီမံချက်တွေ မဟုတ်သေးကြောင်း အဆိုရှင်က ထောက်ပြထားတာကို ကျွန်တော့်အနေနဲ့လည်း ထပ်မံထောက်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကြီးကလည်း မျက်မှောက်နိုင်ငံရေးအခြေအနေနဲ့ ကိုက်ညီမယ်ထင်တဲ့ မြေယာဥပဒေတွေကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်တာတွေ ပြုလုပ်ပြီး ပြဋ္ဌာန်းခဲ့ပေမယ့် လိုအပ်ချက်တွေရှိနေဆဲမို့ တစ်နိုင်ငံလုံးမှာ မြေယာပြဿနာများကို ပါဝင်ကူညီဖြေရှင်း

ဆောင်ရွက်ပေးနေကြရတဲ့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် အခက်အခဲဘယ်လောက်ကြုံတွေ့နေရတယ်ဆိုတာ ကိုယ်တိုင်ကိုယ်ကျ သိမြင်ကြပြီးသားပါ။ တည်ဆဲမြေယာဥပဒေတွေရဲ့ တရားမျှတမှု၊ တိကျခိုင်မာမှု၊ စည်းနှောင်မှုအပိုင်းတွေမှာ အားနည်းချက်များရှိတာကြောင့် မြေယာမှုခင်းတွေကို ဥပဒေအရ ကျင့်သုံးစီရင် ဆုံးဖြတ်ပေးရတဲ့ တရားစီရင်ရေး မဏ္ဍိုင်ကြီးပါ ယိုင်နဲ့အားနည်းစေခဲ့တာ အမှန်ပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ ဧရိယာ(၂၆၁၂၂၈) စတုရန်းမိုင် ကျယ်ဝန်းပြီး ပြည်နယ်၊ တိုင်းဒေသကြီး (၁၄)ခု၊ မြို့နယ်ပေါင်း (၃၃၀)၊ ကျေးရွာပေါင်း (၆၈၀၀၀)ကျော်နဲ့ ဖွဲ့စည်းထားပါတယ်။ တစ်နိုင်ငံလုံး ခန့်မှန်းလူဦးရေ (၅၄)သန်းခန့်ရှိပြီး တိုင်းရင်းသားလူမျိုးနွယ်စု(၁၃၅)မျိုး ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ စတဲ့နိုင်ငံများနဲ့ ကုန်းမြေနယ်နိမိတ်အရှည် (၃၆၅၁)မိုင် ထိစပ်နေပြီး အိန္ဒိယသမုဒ္ဒရာရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ဘင်္ဂလားပင်လယ်အော်နဲ့ အက်ဒမန်ပင်လယ်ပြင်ကို ထိစပ်နေတဲ့ ကမ်းရိုးတန်းအရှည်မိုင်(၁၂၀၀)ရှိပြီး လှပတဲ့ပင်လယ်ကျွန်းစုများလည်း ရှိပါတယ်။ မြေမျက်နှာသွင်ပြင်အနေနဲ့ကတော့ တောင်တန်းတွေ၊ ကုန်းမြင့်တွေ၊ လွင်ပြင်တွေနဲ့ ဖွဲ့စည်းထားအပ်ပြီး အမြင့်ဆုံး ခါကာဘိုရာဇီတောင်ထိပ်ဟာ မီတာပေါင်း (၅၈၈၀)ကျော်ပြီး အမြဲတစေ ရေခဲနေတဲ့ဒေသ ဖြစ်ပါတယ်။

အဲဒီ တောင်စဉ်တောင်တန်း ကုန်းမြင့်တွေကြားကနေ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ် စတဲ့မြန်မာပြည်ပိုင် မြစ်ကြီးများ ဖြစ်ပေါ်လာပြီး စီးဆင်းနေသလို မဲခေါင်မြစ်လို (၂)နိုင်ငံ နယ်ခြားမြစ်ကိုလည်း ပိုင်ဆိုင်ထားတဲ့နိုင်ငံ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကို သစ်တောမျိုးစုံ (၃၀) ရာခိုင်နှုန်းကျော် ဖုံးလွှမ်းနေဆဲဖြစ်ပြီး အဖိုးတန် သဘာဝပေါက်ပင်အမျိုးမျိုးနှင့် တောရိုင်းတိရစ္ဆာန်အမျိုးမျိုး ကျက်စားရာ နိုင်ငံကြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်အမျိုးမျိုး၊ သစ်တောထွက်ပစ္စည်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုအမျိုးမျိုး၊ ကျောက်စိမ်း၊ ပတ္တမြား၊ ပယင်း၊ ပုလဲနှင့် ရေထွက်ပစ္စည်းအမျိုးမျိုး အစရှိတဲ့ မြေပေါ်မြေအောက် သယံဇာတတွေ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့၊ ကန္တာရဆန်တဲ့ ရာသီဥတု၊ အမြဲစိုစွတ်တဲ့ ရာသီဥတု၊ သမပိုင်းရာသီဥတု၊ တန်တရာ ရာသီဥတု စသည်ဖြင့် ရာသီဥတုမျိုးစုံရှိတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။

မိုးရေချိန်ကလည်း တစ်နှစ်ပတ်လုံး လက်မ(၄၀)အောက်ကနေ (၂၀၀)ကျော်အထိ ရွာသွန်းတဲ့ဒေသပေါင်းစုံရှိသလို အပူချိန်ကလည်း (၃၅) ဒီဂရီ Celsius ကနေ (၀) ဒီဂရီ Celsius ရောက်နေတဲ့ဒေသတွေလည်း အမျိုးမျိုးကွဲပြားခြားနားစွာရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်မှာပေါက်ရောက်နေတဲ့ မည်သည့်ဒေသက အပင်မျိုးမဆို အထူးတလည် ဂရုတစိုက်ပြုစုနေစရာမလိုဘဲသင့်လျော်ရာဒေသမှာ စိုက်ပျိုးဖြစ်ထွန်းနိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ အခြေချ တိုင်းရင်းသားမျိုးနွယ်(၁၃၅)မျိုးဟာ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကိုလုပ်ကိုင်ကြပါတယ်။ ဘာသာစကားကွဲပြားမှုအမျိုးမျိုး၊ ကိုးကွယ်ယုံကြည်မှုအစားစား၊ ယဉ်ကျေးမှုအဖုံဖုံ၊ ဓလေ့ထုံးတမ်းအစုံစုံနှင့် မြန်မာနိုင်ငံအတွင်းမှာ ထွေးရောယှက်တင် နေထိုင်လာခဲ့ကြတာ နှစ်ပရိစ္ဆေဒထောင်ချီကြာမြင့်ခဲ့ပါပြီ။ ဒါ့ကြောင့် တိုင်းရင်းသားတွေရဲ့ မြေယာအသုံးချပုံမှာလည်း ဓလေ့ထုံးတမ်းအစဉ်အလာအရဖြစ်စေ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများအရဖြစ်စေ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အရဖြစ်စေ ကွဲပြားခြားနားမှုများစွာ ရှိနေမှာ အမှန်ပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေကို ဘာကြောင့် ကျွန်တော့်အနေနဲ့ တင်ပြနေရသလဲဆိုရင် နောင်အနာဂတ်မှာရေးဆွဲမယ့် မြေယာဥပဒေကြီးမှာ တင်ပြပါအချက်အလက်တွေကို ထည့်သွင်းစဉ်းစားပြီး ဒေသန္တရဥပဒေတွေဖြစ်သည်အထိ စီမံရေးဆွဲပေးစေလို၍ဖြစ်ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ တည်ဆဲမြေယာဥပဒေတွေကို ရေးဆွဲစဉ်ကာလက၊ အတိတ်ကာလက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းအခြေအနေကို အမှန်အတိုင်းရှုမြင်သုံးသပ်ပြီး မျက်မှောက်ခေတ်ကာလနှင့်လျော်ညီအောင် လွှတ်တော်ကိုယ်စားလှယ်ကြီးများက ပြုပြင်၊ ဖြည့်စွက်၊ ပြင်ဆင်ခြင်းများ ပြုလုပ်တဲ့အခါ နောင် အနာဂတ်မှာ ပေါ်ထွက်လာမယ့် မြေယာဥပဒေတစ်ရပ်မှာ အံဝင်ခွင်ကျဖြစ်ဖို့ တင်ပြပါအချက်တွေကို ထည့်သွင်း စဉ်းစားစေချင်လို့ သတိပေးတဲ့အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

ဥပဒေဆိုတာ Concept လို့ခေါ်တဲ့ အယူအဆတစ်ခုပါ။ Absolute Truth or Universal Truth မဟုတ်ပါဘူး။ ကာလ၊ ဒေသ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အခြေအနေ စတဲ့ ပယောဂအပေါ်မှီတည်ပြီး ပြောင်းလဲနေတာဖြစ်လို့ အခုလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ဖို့ ကြိုးစားနေတဲ့ ကာလမှာ ခေတ်နှင့်မလျော်ညီ၊ အခြေအနေနှင့်လည်း သဟဇာတမဖြစ်တဲ့ ဒေသတွေနဲ့လည်း မကိုက်ညီ၊ ကျင့်သုံးရာမှာလည်း မမျှတဖြစ်တဲ့ဥပဒေတွေကို ပယ်ဖျက်၊ နုတ်သိမ်း၊ ပြုပြင်၊ ဖြည့်စွက်၊ ပြင်ဆင်နိုင်ဖို့ အစွဲကင်းကင်းနဲ့ ရဲရဲဝံ့ဝံ့ မဖြစ်မနေ ဆောင်ရွက်ရမယ့်ကာလကို ရောက်ရှိနေပါပြီ။ ဥပဒေတစ်ရပ် တိကျခိုင်မာမှု၊ မျှတမှု၊ ကျင့်သုံးရာမှာ အကျိုးဖြစ်ထွန်းစေမှုတွေဟာ ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ပြည်သူ့အတွက် ပြည်သူ့ဘက်ကတွေးဆပြီး ဆောင်ရွက်တဲ့ ကောင်းမွန်သန့်စင်တဲ့ စေတနာတွေနဲ့ မြော်မြင်နိုင်တဲ့ ပညာစွမ်းအားပေါ်မှာ မှီတည်တာဖြစ်လို့ အင်မတန်မှ တာဝန်ကြီးလေးလှပါတယ်။ ဒီတာဝန်ကို ထမ်းဆောင်တဲ့အခါမှာ ယခင်ကာလက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများလို အုပ်စိုးသူအလိုကျ ရေးဆွဲခဲ့တဲ့ ဥပဒေမျိုးမဟုတ်ဘဲ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကိုထည့်ပြီး ရေးဆွဲခဲ့တဲ့ မြေယာဥပဒေကြီးဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေလိုပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ပထဝီဝင်၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးအရ အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားပြီး အခြေချတိုင်းရင်းသားများရဲ့ ဓလေ့ထုံးတမ်း၊ မြေအသုံးချမှုများကို အလေးထား၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များကိုလည်း အလေးထား၊ သယံဇာတ ထုတ်ယူခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလာခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အကောင်အထည်ဖော်ရမည့် စီမံကိန်းများ၊ မြေမဲ့၊ ယာမဲ့များကို မြေယာခွဲဝေချထားပေးခြင်းလုပ်ငန်းများ၊ မြေကြီး၊ မြေပုံမှန်ကန်ရေး လုပ်ငန်းများ စသည်ဖြင့် လုပ်ငန်းစဉ်ပေါင်း များစွာကို နိုင်ငံတော်ရဲ့ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရှုထောင့်ပေါင်းစုံက လေ့လာသုံးသပ်စိစစ်ပြီး မြေယာဥပဒေကို အပိုင်းလိုက်၊ ကဏ္ဍအလိုက် စီမံချက်ချရေးဆွဲမယ်ဆိုရင် သိပ်မဝေးတော့တဲ့ အနာဂတ်ကာလတစ်ခုမှာ တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ မြေယာဥပဒေတစ်ရပ် ပေါ်ထွန်းလာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၁။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် အမျိုးသား မြေဥပဒေဖြစ်ပေါ်လာရန်နှင့် ကျွန်မ မဲဆန္ဒနယ်မှ ကိစ္စရပ်များအပေါ်မှာ မူတည်ပြီးတော့ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ တင်သွင်းတဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချ မူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေ လိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွန်စွာ အရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမှု မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင် အဆိုရှင်ရဲ့ ဆွေးနွေးချက်မှာ ၂၀၁၆ ခုနှစ်၊ မြေယာအသုံးချမူဝါဒ ရှိနေသော်လည်း ရှင်းလင်းပြတ်သားတဲ့ မဟာဗျူဟာ စီမံကိန်းလုပ်ငန်းစဉ်များ ရှိမနေခြင်းကြောင့် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များဟာ ရေတို၊ ရေရှည် ဆောင်ရွက်စေလိုခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ကျွန်မတို့ နိုင်ငံမှာ မြေဧရိယာများစွာ ကျယ်ဝန်းလှပါတယ်။ ဒီကျယ်ဝန်းလှတဲ့ မြေဧရိယာ၊ သယံဇာတကပဲ ကျွန်မတို့ ပြည်သူများအတွက် အခွင့်အလမ်းမဖြစ်စေခဲ့ပဲ သယံဇာတကျိန်စာ မိနေသလား ထင်ရအောင် ပြဿနာ များစွာ ဖြေရှင်းနေခဲ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ လယ်သိမ်း၊ ယာသိမ်းပြဿနာတွေကလည်း များလွန်း လှပါတယ်။ လုပ်ပိုင်ခွင့်ပြုထားသော ဧကတွေကလည်း တစ်ဦးချင်းတွေမှာ များစွာခွင့်ပြုထားပါတယ်။ ဆင်းရဲသားကျူး၊ စီးပွားဖြစ်ကျူး မျိုးစုံလည်းရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မူဝါဒဟာ ဥပဒေလောက် ပြည်သူကို အကာအကွယ်မပြုပါဘူးရှင်။ ကျွန်မတို့ ဧရာဝတီတိုင်းဒေသကြီးမှာ တာဝန်ရှိသူအကြီးအကဲဟာ အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားရာမှာ မြေစစ်ရဲ့ လမ်းညွှန်ချက်များဟာ အစိုးရတစ်ရပ်ရဲ့ မူဝါဒသာဖြစ်ပြီး ဥပဒေ မဟုတ်သည့်အတွက် ဆောင်ရွက်ရာတွင် ဥပဒေကိုသာ ဂရုစိုက်ရန် မှာကြားခြင်းများကိုလည်း တွေ့ရှိရ ပါတယ်။ ဒါ့ကြောင့် သိမ်းဆည်းခံမြေယာကိစ္စတွေ ဖြေရှင်းရာမှာ ကြန့်ကြာမှုတွေ၊ ခက်ခဲမှုတွေ ရှိနေခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူတွေလိုအပ်နေတာဟာ တရားဥပဒေရဲ့ အကာအကွယ်ကို တစ်ပြေးညီ ရယူလိုခြင်းဖြစ်ပါတယ်။ အခြေခံလူတန်းစားအတွက် ဥပဒေချိုးဖောက်မှုဟာ ပြစ်ဒဏ်ကြီးသလောက်

ငွေရှင်ကြေးရှင်များရဲ့ ဥပဒေချိုးဖောက်မှု ပြစ်ဒဏ်လျော့ပေါ့နေတာဟာ မျှတမှုမရှိဘူးလို့ ပြောရမှာ ဖြစ်ပါတယ်ရှင်။

လက်ရှိမှာပဲ ကျွန်မမဲဆန္ဒနယ် စိုက်ပျိုးမြေများအပေါ်မှာ ဥပဒေမဲ့ တရားမဝင်ငါးကန်တွေ တူးဖော်ခြင်းကြောင့် ပြည်သူတွေကအရေးယူပေးရန် အုပ်ချုပ်ရေးပိုင်းကို တိုက်တွန်းပြောကြားခဲ့တာတွေ ရှိပါတယ်။ တာဝန်ရှိအုပ်ချုပ်ရေးပိုင်းမှာလည်း အရေးယူမှုမရှိခြင်းကြောင့် ကျွန်မအနေနဲ့ လွှတ်တော်မှာ မေးခွန်းမေးပြီးတော့ အရေးယူရန် ပြောကြားခဲ့ရပါတယ်။ အဲဒီတော့ အခု အရေးယူပါပြီ။ (၁)ဧကကို ကျပ်(၃၀၀၀၀)နှုန်းလို့ သတင်းထဲမှာ တွေ့ရှိရပါတယ်။ ဒီလို ပြစ်ဒဏ်မျိုးသာဆိုလို့ရှိရင် အခြားနည်း လျှောက်စရာမလိုဘဲ ဒဏ်ကြေးဆောင်နိုင်သည်ဟု ကြေညာပေးရုံပဲ ရှိပါတော့တယ်။ ဘာကြောင့်လဲ ဆိုတော့ အခြားနည်းသုံးစွဲခွင့်လျှောက်လို့ရှိရင် ကုန်ကျစရိတ်က ကျပ်(၃၀၀၀၀)ခန့်မက ကုန်ကျနေလို့ ပါပဲ။ ဒါတွေဟာ ပထဝီအနေအထား၊ မြေအမျိုးအစား၊ ဓလေ့ထုံးစံ၊ စီးပွားရေးအားသာချက်တွေကို မလေ့လာ မဆန်းစစ်ဘဲ ဆောင်ရွက်ထားတာလို့ ပြောရမှာ ဖြစ်ပါတယ်ရှင်။

၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ထားတဲ့ အမျိုးသားမြေအသုံးချမူဝါဒဟာ မြေလုပ်ပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအားလုံးက အဆုံးအဖြတ်ပေးရမယ့် ကိစ္စရပ်များအတွက် လမ်းညွှန်ဖြစ်စေရမယ်ဆိုတဲ့ အခြေအနေရှိပြီးတော့ အခန်း(၃) အခြေခံမူ(ည)မှာလည်း အများပြည်သူ၏ အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏ အကျိုးစီးပွားကို ယှဉ်ပြိုင်လာပါက အများပြည်သူ၏ အကျိုး စီးပွားကို ဦးစားပေးရမယ်လို့လဲ ဖော်ပြထားပါတယ်။ ဒါပေမယ့်လည်း ကျွန်မရဲ့ မဲဆန္ဒနယ်အတွင်းမှာ ရှိတဲ့ မလက်တိုကိစ္စမှာဆိုလို့ရှိရင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်ရပြီးတော့ အကောင်အထည် ဖော်မှု အားနည်းခြင်းကြောင့် တောင်သူများ ဝင်ရောက်လုပ်ကိုင်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်တုန်းက နိုင်ငံကျော်ဖြစ်စဉ်ကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။

ဒီလိုတွေအတွက်ကြောင့်မို့လို့လည်း ယခင်က မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ပြု ထားသော်လည်း အခု ကျွန်မတို့ ကွင်းဆင်းစိစစ်တဲ့နေရာမှာ တောင်သူတစ်ဦးကို (၃)ဧကနှုန်းနဲ့ လယ်ယာစိုက်ပျိုးလုပ်ကိုင်တာတွေလည်း တွေ့ရှိခဲ့ရပါတယ်။ ဒီအခြေအနေတွေကို ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးကနေ တိုင်းကိုတင်ပြထားသော်လည်း ယခုလက်ရှိအချိန်မှာ မြေလွတ်၊ မြေရိုင်းလုပ်ပိုင် ခွင့်ရကုမ္ပဏီကို သက်တမ်းထပ်မံတိုးပေးလိုက်တဲ့အတွက်ကြောင့် ပြည်သူများအကြား ရှုပ်ထွေးမှုတွေ ဖြစ်ပေါ်လာရပါတယ်။ အခြေခံ သာမန်ပြည်သူလူထုတွေရဲ့ အသံထက် လုပ်ငန်းရှင်တွေရဲ့ အသံတွေ ဟာ ဆုံးဖြတ်ချက် ချမှတ်သူတွေဆီထံကို လျင်မြန်စွာ ရောက်ရှိတတ်တာလည်း သဘာဝပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားမြေအသုံးချမူဝါဒရဲ့ အခြေခံမူများဟာ လုပ်ကိုင်တဲ့တောင်သူတွေ၊ ဆင်းရဲသားတွေ၊ အမျိုးသမီးတွေ၊ တိုင်းရင်းသားတွေရဲ့ မြေလုပ်ပိုင်ခွင့်တွေကို အသိအမှတ်ပြု ကာကွယ်ပေးရန် ဆိုပြီးတော့ လမ်းညွှန်ချက်ကောင်းများ၊ ရည်ရွယ်ချက်ကောင်းများစွာကို တွေ့ရှိရ ပါတယ်။ ယခုကဲ့သို့ မြေယာဥပဒေပေါင်း (၃၀)ကျော်အကြားမှာ သဟဇာတမဖြစ်မှုရဲ့ ဒဏ်ကိုခံစားရတာ အခြေခံသာမန် ပြည်သူလူထုတွေပါပဲ။ လက်ရှိပကတိအခြေအနေ၊ အခြေခံပြည်သူတွေဟာ ပုံစံ(၇)တွေ ထပ်နေတာတွေ ပုံစံ(၇)ရှိပြီး မြေမရှိတဲ့အခြေအနေတွေဟာ သာမန်အခြေခံပြည်သူလူထုတွေမှာ ဖြစ်တည်နေတာဖြစ်ပါတယ်။ သူဌေးကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေမှာ ဒီ ပြဿနာမျိုး မကြားရပါဘူး။

ဒီလိုအခြေအနေမျိုးကြောင့် ကျွန်မတို့ တိုင်းပြည်ရဲ့ အနာဂတ်မှာ ပြဿနာများ ထပ်မံမဖြစ်ပေါ်စေရန် မြေအသုံးချမှုမှာ ဖြစ်ပေါ်လာသော ဆိုးကျိုးရလဒ်တွေ လျော့နည်းစေရန် အနာဂတ်မျိုးဆက်အတွက် အကျိုးရှိထိရောက်မယ့် အရင်းအမြစ်များ အသုံးချမှုဖြစ်ပေါ်စေရန် ခရိုင်အဆင့်အလိုက် စိုက်ပျိုးရေးဆိုင်ရာဇုန်၊ မွေးမြူရေးဇုန်နဲ့ ရေလုပ်ငန်းဇုန်များ သတ်မှတ်နိုင်ရန် သုတေသနပြုချက်များကို အမြန်ဆုံးဆောင်ရွက်သင့်ပြီး မြေစာရင်း၊ မြေပုံမှန်ကန်စေရန် တိုင်းတာကွင်းဆင်းခြင်းများလည်း ဆောင်ရွက်ပေးရန် လိုအပ်တဲ့အတွက် အဆိုရှင်ရဲ့ အဆိုအား ထောက်ခံ ဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၇။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အဆိုရှင် ဒေါက်တာပြည့်ဖြိုး တင်ပြချက်များအထဲက မြေယာစီမံအုပ်ချုပ်မှု အမျိုးသားမြေအသုံးချမှု မဟာဗျူဟာနှင့် ပတ်သက်ပြီးတော့မှ အဓိက ထောက်ခံ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နည်းပညာဆိုင်ရာ အင်္ဂလိပ်လို အသုံးအနှုန်းများကို ခွင့်ပြုပေးပါရန် တောင်းခံအပ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က မြေအသုံးချမှု စီမံကိန်းဟာ မြေအသုံးချမှုပြုရာမှာ ဖြစ်ပေါ်လာတဲ့ အကျိုးရလဒ်တွေကို လျော့နည်းစေဖို့နဲ့ အနာဂတ်မျိုးဆက်တွေအတွက် အကျိုးရှိထိရောက်မယ့် အရင်းအမြစ်တွေ၊ အသုံးချမှုတွေ ဆက်လက်ထားရှိစေဖို့ဖြစ်တဲ့အတွက် အလွန်အရေးကြီးတယ်လို့ တင်ပြထားပါတယ်။ အဲဒီအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အလိုက် မြေအသုံးချမှုနဲ့ မြေယာစီမံခန့်ခွဲရေးတို့အတွက် စီမံကိန်းများကို ကဏ္ဍအလိုက် ပိုင်းခြား ဆောင်ရွက်ဖို့လည်း တင်ပြထားတာ ထောက်ခံပါတယ်ရှင်။ ကျွန်မအနေနဲ့ မှန်ကန်တဲ့ မြေအသုံးချမှု စီမံကိန်းတွေ ရေးဆွဲနိုင်ဖို့ အမျိုးသားမြေအသုံးချမှုဝါဒရဲ့ အပိုင်း(၂) မြေအသုံးချစီမံခန့်ခွဲခြင်း အခန်း(၂)ဖြစ်တဲ့ မြေအမျိုးအစားနဲ့ မြေအတန်းအစား သတ်မှတ်ခြင်းနှင့် အခန်း(၃)ဖြစ်တဲ့ မြေနှင့် သက်ဆိုင်တဲ့ သတင်းအချက်အလက် စီမံခန့်ခွဲခြင်းနှင့် ပတ်သက်ပြီးတော့မှ လုပ်ဆောင်ရမယ့် ကဏ္ဍများကို အကြံပြုဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ပိုမိုတိကျမှန်ကန်တဲ့ မြေယာအချက်အလက်များ ရရှိမှသာ မြေယာမှတ်ပုံတင်လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပထမဆုံးအနေနဲ့ သစ်တောမြေတွေ၊ စိုက်ပျိုးမြေတွေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း တောရိုင်းမြေတွေကို မြေအမျိုးအစားနဲ့ မြေအတန်းအစားများ ခွဲခြားပြီးတော့ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ဖို့ လိုပါတယ်။ အခုလက်ရှိ မြန်မာနိုင်ငံမှာ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်၊ ကြိုးမဲ့တောဝိုင်းတွေ အပါအဝင် သစ်တော

မြေတွေကို သစ်တောဦးစီးဌာန စိုက်ပျိုးမြေတွေကို လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ စားကျက်မြေတွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန စသည်ဖြင့် စီမံခန့်ခွဲနေပေမဲ့ မြေလွတ်၊ မြေရိုင်း၊ တောရိုင်းမြေတွေကို ဘယ်ဌာနက ဘယ်လိုပုံစံနဲ့ စီမံခန့်ခွဲနေတယ်ဆိုတာကို အမြဲတမ်းပဲ အငြင်းပွားနေရမယ့် ကိစ္စဖြစ်ပါတယ်။ အဲဒီအတွက် နိုင်ငံတော်ရဲ့ မြေအသုံးချမှုစီမံကိန်းတွေဟာ အမြဲတမ်း အဟန့်အတားဖြစ်စေလို့ အကျိုးဆက်အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း အဟန့်အတား ဖြစ်စေပါတယ်။ ဒါကြောင့် ဌာနတစ်ခုနဲ့ တစ်ခုအကြားမှာ မြေယာနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ မျှဝေနိုင်ဖို့နဲ့ Data based တစ်ခုတည်ဆောက်ဖို့ အများအသုံးပြုနိုင်တဲ့ Data နဲ့ အချက်အလက်တွေဖြစ်ဖို့၊ ရှုပ်ထွေးပြီး ခက်ခဲ့တဲ့ Data တွေကို ညှိနှိုင်းဆောင်ရွက်ဖို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကွင်းမြေပုံတွေကို ပြန်လည်စိစစ်ဖို့လိုပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အမျိုးသားမြေအသုံးချမှုဝါဒ အပိုဒ် ၂ အခန်း(၃) အပိုဒ် ၁၇ မှာ အဆင့်ဆင့် ဖော်ပြထားပြီး ဖြစ်ပါတယ်။ အခုလက်ရှိသုံးနေတဲ့ ကွင်းမြေပုံတွေဟာ ဗြိတိသျှခေတ်ကတည်းက Chain Survey သံကြိုးသုံးပြီးတော့ ကွင်းဆင်းတိုင်းတာပြီးတော့ ရေးဆွဲခဲ့တာဖြစ်သလို ဒီနေ့ လက်တွေ့မြေပြင်အနေအထားနဲ့ အရမ်းကိုပဲ ကွာခြားနေတာဖြစ်ပါတယ်။ အခုခေတ်မှာ နည်းပညာအသစ်တွေ တိုးတက်လာပြီဖြစ်ပါတယ်။ အရည်အသွေးမြင့် ဂြိုလ်တုပုံရိပ်တွေ High Resolution Satellite Image တွေ၊ GPS Technology တွေ၊ GIS Geographic Information System၊ ပထဝီဆိုင်ရာ သတင်းအချက်အလက်နည်းပညာ Survey Instrument တွေ အများကြီး တိုးတက်လာနေပြီးတော့ နည်းပညာတွေလည်း တိုးတက်လာနေပါပြီ။ ဒီလိုနည်းပညာတွေနဲ့ နိုင်ငံတော်က လက်ရှိဆောင်ရွက်နေတဲ့ One Map Project ရဲ့ Drone တွေကို သုံးပြီးတော့ ကွင်းမြေပုံတွေရဲ့ Boundaries နယ်နိမိတ်တွေကို ပြန်လည်စိစစ်သတ်မှတ်ပြီး စနစ်တကျ သတ်မှတ်ရမှာဖြစ်ပါတယ်။

ဆက်လက်ပြီး အမျိုးသားမြေအသုံးချမှုဝါဒ အပိုင်း(၃) အခန်း(၁)မှာပါတဲ့ စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုမြေပုံရေးဆွဲခြင်း အပိုဒ် ၂၁ မှာဆိုလို့ရှိရင်လည်း ကျွန်မတို့ ဒီ စောစောတုန်းက High Resolution Satellite တွေ ထဲထဲဝင်ဝင် သတင်းအချက်အလက် နည်းပညာတွေ GIS Technology နှင့် ခေတ်မီနည်းပညာ Survey Technique တွေကို သုံးပြီးတော့မှ ဆောင်ရွက်ဖို့ကို ဖော်ပြထားပါတယ်။ ဒါပေမဲ့ ကျွန်မတို့နိုင်ငံမှာ အကောင်အထည်ဖော်ဖို့ နှောင့်နှေးနေပါသေးတယ်ရှင်။ အဲဒီလိုမျိုး မှန်ကန်တဲ့ မြေအသုံးချမှု စီမံကိန်းရေးဆွဲနိုင်ဖို့ဆိုလို့ရှိရင် Knowledge Product လို့ခေါ်တဲ့ မြေရဲ့ စွမ်းဆောင်နိုင်မှု မြေပုံနှင့် အချက်အလက်များ Land Capability Map and Data သင့်လျော်တဲ့ မြေအသုံးပြုနိုင်မှုမြေပုံနဲ့ အချက်အလက် Land Suitability Map တွေနဲ့ Data တွေလိုပါတယ်။ အဲဒီမြေပုံနဲ့ အချက်အလက် Data တွေကို ကျွန်မ စောနတုန်းကပြောတဲ့ 13 m, 15m Resolution အရည်သွေးမြင့် ဂြိုလ်တုပုံရိပ်တွေနဲ့ GIS နည်းပညာကိုသုံးပြီးတော့မှ ဖော်ထုတ်နိုင်ပါတယ်။

မြေရဲ့ စွမ်းဆောင်နိုင်မှုပြမြေပုံ Land Capability မြေပုံအချက်အလက်တွေ ရဖို့ဆိုရင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြေဆီလွှာ မြေပုံတွေ Soil Map တွေ၊ အချက်အလက်ပြတဲ့မြေပုံတွေ Elevation Map နဲ့ Data Slope Map တွေ Aztaz ဆိုတဲ့ Aztaz Map တွေ နောက်အခါမှာ ပျမ်းမျှမိုးရေချိန်ပြတဲ့ မြေပုံတွေ၊ ပြီးတော့ ဆည်မြောင်းအခြေအနေပြတဲ့ မြေပုံတွေ၊ ရေဝင်

ရေလွှဲပြမြေပုံတွေ၊ ကြိုးပြင်၊ ကြိုးဝိုင်း၊ ကြိုးမဲ့သစ်တောမြေပုံတွေ၊ မြို့ပြ၊ မြို့ရွာနယ်နိမိတ်ပြမြေပုံတွေ၊ လမ်းကွန်ရက်မြေပုံတွေ စသည်ဖြင့် ဒီပုံတွေအားလုံးကို ရေးဆွဲရမှာဖြစ်ပါတယ်။ အဲဒီမြေပုံတွေ ရေးဆွဲပြီးရင် သူနဲ့သက်ဆိုင်တဲ့ Data တွေအားလုံးဟာ GIS Data Page ထဲမှာ အားလုံးသုံးပြီးတော့ ဒီမြေပုံတွေကို တစ်ပုံချင်းတစ်ပုံချင်း ကျွန်မတို့ အလွှာလိုက် ထပ်ပြီးတော့ Simulating လုပ်လိုက်တဲ့အခါမှာ Mortgage လုပ်လိုက်တဲ့အခါ မှာဆိုရင် မြေရဲ့ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိတွေကို ဖော်ပြတဲ့ Map တွေထွက်လာပြီးတော့ ဘယ်မြေကိုဘယ်လိုအသုံးချလို့ရတယ်ဆိုတဲ့ မြေရဲ့စွမ်းဆောင်မှု ညွှန်ပြနိုင်မှာ ဖြစ်ပါတယ်ရှင်။

နောက်တစ်ခါ Land Suitability Map အတွက်လည်း GIS နည်းပညာကို သုံးပြီးတော့ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်တွေ ဈေးကွက်ကို လက်လှမ်းမီမှု၊ လူမှုရေးဆိုင်ရာ သတင်းအချက်အလက်၊ သီးနှံရဲ့ သတင်းအချက်အလက်တွေကို စုဆောင်းရမယ်။ အဲဒီ အခြေခံအချက်တွေကို အခြေခံပြီးတော့ ဖွံ့ဖြိုးရေးရည်ရွယ်ချက်တွေပေါ် မူတည်ပြီးတော့မှ မြေအသုံးချမှုစီမံကိန်းတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးဇုန်၊ စီးပွားရေးဇုန်၊ မွေးမြူရေးဇုန်၊ ခရီးသွားလုပ်ငန်းဇုန် စသည်ဖြင့် အဲဒီလိုဇုန်တွေ ဆောင်ရွက်ဖို့ သင့်လျော်တဲ့ မြေအမျိုးအစားတွေ ခွဲခြားသတ်မှတ်နိုင်ပြီးတော့ စီမံကိန်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြေစွမ်းဆောင်နိုင်မှု သင့်လျော်တဲ့ပုံတွေကို အခြေခံပြီးတော့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွေ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်၊ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကနေ မဟာဗျူဟာကို ရေးဆွဲပြီးတော့ ကာလလတ်၊ ကာလတို စီမံကိန်းများ ရေးဆွဲရမှာဖြစ်ပါတယ်ရှင်။

ကျွန်မကို Power Point အနည်းငယ် သုံးစွဲခွင့်ပြုပါရှင်။ ဒါကတော့ ခရိုင်နယ်နိမိတ်ပြတဲ့မြေပုံဖြစ်ပါတယ်။ ဒါ မြို့နယ်နယ်နိမိတ်တွေပါ။ မြေအသုံးချမှုမြေပုံ။ ဒီမှာဆိုရင် တော်တော်လေးကိုပဲ လိုအပ်နေတာဖြစ်ပါတယ်။ ဒါက လမ်းမတွေ ဖြစ်ပါတယ်။ ဒါကတော့ နဲနဲ ခေတ်မီတယ်ပေါ့နော်။ တနင်္သာရီတိုင်းဒေသကြီး မြေပုံမှာဆိုရင် Satellite Image ကိုသုံးပြီးတော့မှ သူ့ရဲ့သစ်တောတွေ၊ အမျိုးအစားတွေကို ခွဲခြားထားတဲ့ပုံဖြစ်ပါတယ်။ ဆက်လက် ပြပေးပါ။ ဒါကတော့ နေပြည်တော်မှာရှိတဲ့ ရွာတွေရဲ့ Point တွေကို Data Based ရှိပါတယ်။ ဒီဟာကို ထောက်လိုက်တာနဲ့ သူ့ရဲ့ Data တွေ၊ သတင်းအချက်အလက်တွေ အကုန်ပါတာဖြစ်ပါတယ်။ ဒါကတော့ လက်ရှိ နိုင်ငံတကာရဲ့ဒေသမှာ စီးပွားရေးလုပ်ငန်းနှင့် မြေအသုံးချမှုမြေပုံဖြစ်ပါတယ်။ ဒါဟာ တော်တော်လေးကိုပဲ ခေတ်နောက်ကျနေပါပြီ။ ဒါကတော့ စောစောက ကျွန်မပြောတဲ့ အလွှာလိုက် အလွှာလိုက် ဒါ ၁၉၉၅ ခုနှစ်လောက်ကတည်းက ထိုင်းနိုင်ငံမှာ သုံးခဲ့တာ၊ ဒီဘက်က မြေပုံဟာ ကျွန်မတို့ ဒါ Simulating လုပ်ထားတဲ့မြေပုံဖြစ်ပါတယ်။ ဟိုနေ့က အသစ်ထွက်လာတဲ့မြေပုံကတော့ ဘယ်နေရာကိုပဲ ထောက်လိုက် ထောက်လိုက် သူ့မှာရှိတဲ့ မြေအမျိုးအစားမျိုးစုံ ပေါ်လာပြီးတဲ့အခါမှာ Data Based တွေ အကုန်ပေါ်ပါတယ်။

ဒါကတော့ သူတို့ဆီမှာ ဒီ Special Policy Plan ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကတော့ ဒီလို Map တွေ ထွက်လာဖို့အတွက် ကျွန်မတို့ ဘယ်လိုလုပ်မလဲ။ Policy Plan တွေလုပ်တယ်။ Law Enforcement တွေလုပ်တယ်။ နောက်တစ်ခါမှာ Development Guide Line တွေချပြီး အဆင့်ဆင့်ဖော်ပြတာဖြစ်ပါတယ်။ အဲဒီလို လုပ်လိုက်လို့ရှိရင် ဘယ်လိုဇုန်တွေထွက်လာမလဲ။

စီးပွားရေးဇုန်၊ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန် စသည်ဖြင့် ဇုန်တွေ ပေါ်လာပြီးတဲ့ အခါမှာ Decision ပေါ့၊ ဆုံးဖြတ်ချက်ချတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ နောက်တစ်ခါ သက်ဆိုင်ရာ ဌာနတွေက စီမံကိန်းတွေ ရေးဆွဲပြီးတော့မှ အကောင်အထည်ဖော်တာဖြစ်ပါတယ်။ ဒါကတော့ အဲဒီမှာ ဆိုလို့ရှိရင် GIS နဲ့ Remove Tension Technology Satellite Image ကို သုံးလိုက်လို့ရှိရင် Protective Area တွေ ထွက်လာမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုမျိုးစီမံချက်တွေကို နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်မှုနဲ့ သက်ဆိုင်ရာ အစိုးရဌာနများရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနဲ့ ကျွန်မတို့ ကိုယ်စားလှယ်အားလုံးဟာ စုပေါင်းအင်အားနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ လိုအပ်တဲ့လူ့စွမ်းအား အရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်တွေကို စနစ်တကျ စီမံခန့်ခွဲဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်၊ ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးချက်များအပေါ်လည်း ထည့်သွင်းစဉ်းစားပြီး တော့မှ အကောင်အထည်ဖော်ဖို့ ထပ်မံတိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်ရှင်။ ကျေးဇူး အများကြီး တင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားပါမယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

အချက်အလက်များစွာကို အရှေ့က ကိုယ်စားလှယ်တော်ကြီး များက ဆွေးနွေးသွားခဲ့ကြတဲ့ ဖော်ပြပါ အဆိုနဲ့ပတ်သက်ပြီး မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေ လိုအပ်ချက် ဖြစ်တဲ့ မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများဟာ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အရေးကြီးတဲ့ လုပ်ငန်းစဉ်ဖြစ်တာမို့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒရှိပေမယ့် ဒီမူဝါဒကို သုံးသပ်ပြီး အမျိုးသားမြေဥပဒေ ပေါ်ပေါက်လာစေဖို့ ရည်ရွယ်ပြီး တင်သွင်းခဲ့တာဖြစ်ပါတယ်။ National Land Law ဖြစ်လာဖို့ အတွက် ဘယ်မူဝါဒတွေကို သုံးသပ်မလဲ။ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုရရှိဖို့ မဟာဗျူဟာရေးဆွဲရာမှာ ဘယ်မူဝါဒတွေကို အခြေခံမလဲ။ လုပ်ငန်းစဉ်တွေနဲ့ မဟာဗျူဟာအပေါ်မူတည်ပြီး ဘယ်လုပ်ငန်းတွေ စလုပ်မလဲ။ ဥပဒေအနေနဲ့ မူဝါဒနဲ့ကိုက်ညီတဲ့ မြေယာစီမံခန့်ခွဲမှုဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို မြေယာစီမံခန့်ခွဲမှုအောက်မှာ သူ့နေရာနှင့်သူ အချိတ်အဆက်မိမိ ရှိနေစေလိုတဲ့ သဘောမျိုးပဲ ဖြစ်ပါတယ်။

အမျိုးသားမြေယာဥပဒေ ပေါ်ပေါက်လာစေဖို့ ဖော်ပြပါ အချက်အလက်တွေဟာ ဘယ်လို ဆက်စပ်နေသလဲဆိုတာကိုလည်း ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ပြီး တစ်စိုက်မတ်မတ် အကောင်အထည် ဖော်ဖို့ အမှန်လိုအပ်နေတာ ဖြစ်ပါတယ်။ နှစ်အလိုက် ကာလလတ်၊ ကာလရှည်စီမံကိန်းတွေကို ဥပဒေတွေ

မရေးဆွဲမီ မြေအသုံးချမှု ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်တို့က ပီပြင်ပြတ်သားဖို့ လိုပါတယ်။ MSDP မဟာဗျူဟာနှင့် ကိုက်ညီတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဖြစ်လာဖို့လိုသလို လတ်တလောလုပ်ရမယ့်ဟာတွေ၊ (၁)နှစ်၊ (၂)နှစ်အတွင်း လုပ်ရမယ့်ဟာတွေ၊ ရေရှည်ဆက်လုပ်သွားရမှာတွေကို နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအားကောင်းတဲ့ အဂတိကင်းရှင်းတဲ့ မြေယာစီမံအုပ်ချုပ်မှုမျိုးဖြစ်စေတဲ့အထိ ဦးတည်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ အမျိုးသားမြေအသုံးချမှုကောင်စီကိုဖွဲ့ပြီး လုပ်ငန်းစတင်တာကို တွေ့ရသလို တစ်ချိန်တည်းမှာပဲ တည်ဆဲဥပဒေအရ ဖွဲ့ထားတဲ့ မြေယာစီမံခန့်ခွဲတဲ့ အမျိုးသားအဆင့် အခြားကော်မတီတွေလည်း လုပ်နိုင်သလောက် ဖော်ဆောင်နေပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးကို ကော်မတီ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးကော်မတီ၊ သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီတို့ တစ်ပြိုင်နက်ရှိနေပေမယ့်လည်း လက်တွေ့မှာ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။ အမျိုးသားမြေဥပဒေ ပေါ်ထွက်လာဖို့အတွက် လမ်းပြမြေပုံတစ်ခုလိုသလို ဒီကော်မတီတွေအားလုံး အကောင်းဆုံး စုပေါင်းလုပ်ဆောင်နိုင်တဲ့ ယန္တရားတစ်ခုကို ဖော်ဆောင်နိုင်ဖို့ဆိုတာလည်း အရေးကြီးပါတယ်။ ဒါမှသာလျှင် မြေစီမံခန့်ခွဲမှု ပိုမိုထိရောက်နိုင်မှာဖြစ်ပါတယ်။ မြို့ပြနှင့် ကျေးလက်ဒေသတွေအတွက် ထိရောက်တဲ့ National Land Use Policy ဖြစ်ဖို့ နိုင်ငံတော်အဆင့် မြေအသုံးချမှုစီမံကိန်းတွေကို စနစ်တကျ ထိထိရောက်ရောက် ဘယ်လိုအသုံးချနိုင်မလဲဆိုတာကို ဒီဥပဒေမှာ ပါရှိဖို့ လိုပါလိမ့်မယ်။

ဒါကြောင့်မို့လို့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုမူဝါဒကို အနည်းငယ်ခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် အမျိုးသားမြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ ရေးဆွဲရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသားအဆင့် Land Use, Land Government Suitablity Map များကို ဂြိုလ်တုမြေပုံများ အသုံးပြုပြီးမှ ဒီမှာရေးဆွဲဖို့လိုပါမယ်။ ဥပမာ ဒီမြေဟာ စိုက်ပျိုးဖို့သင့်တော်တဲ့ မြေလား။ သဘာဝသစ်တောအဖြစ် ထိန်းသိမ်းရမယ့်နေရာလား။ နောင်မှာ စက်မှုဇုန်တွေ၊ စိုက်ပျိုးရေးဇုန်တွေ လုပ်မှာလားဆိုတာကို မိုးရေချိန်လက်မ၊ မြေအနိမ့်အမြင့်၊ မြေရဲ့ PH စသဖြင့် စံသတ်မှတ်ချက်တွေကြည့်ပြီး ခွဲခြမ်းစိတ်ဖြာထားဖို့လိုပါမယ်။ ဘယ်နေရာ၊ ဘယ်အခြေအနေနဲ့ သင့်တော်မလဲဆိုတာကို အမျိုးသားအဆင့်မှာ ရေးဆွဲထားပြီး ရှိသင့်ပါတယ်။

ခရိုင်အဆင့်အနေနဲ့ အမျိုးသားမြေအသုံးချမှုစီမံကိန်းရေးဆွဲရင်တော့ ဒေသခံများပါဝင်တဲ့ ကျေးရွာအဆင့်ကစလို့ မြေအသုံးချမှုမြေပုံတွေကို ရေးဆွဲဖို့လိုမယ်။ စဉ်းစားရမယ့်အချက်တွေအနေနဲ့ လက်ရှိအသုံးပြုနေတဲ့ လုပ်ပိုင်ခွင့်တွေ၊ မြေယာမဲ့တွေ၊ ဒေသခံပြည်သူတွေကို ကြိုတင်အသိပေးပြီး သဘောတူညီမှုရယူတဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း ဆောင်ရွက်ဖို့လိုပါမယ်။ ခရိုင်အဆင့်မှာပဲ မြေအသုံးချမှုဇုန်များ လျာထားသတ်မှတ်တဲ့နေရာမှာ အမျိုးသားရေးဖွံ့ဖြိုးရေး လျာထားချက်စီမံကိန်းများမှာ ဥပမာ MSDP အခြေပြုစီမံကိန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲခြင်းတို့ကို တစ်ပါတည်း ပြုရမှာဖြစ်သလို အကျိုးထိခိုက်မှုရှိတဲ့နယ်မြေက အကျိုးသက်ဆိုင်သူအားလုံးအတွက် ချပြဆွေးနွေးခြင်းကို ပထမအကြိမ် ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ သူတို့ကို ထောက်ခံခွင့်၊ ကန့်ကွက်ခွင့်တို့ကို ပြန်လည်ဆွေးနွေးခွင့်ပေးပြီး သဘောတူညီမှုရရင် ဆွေးနွေးမှုရလဒ်အတိုင်း ဇုန်များကို ပြန်လည်ပြင်ဆင်ခြင်းပြီးတာနဲ့ ဒုတိယအကြိမ် ချပြခြင်းလုပ်ငန်းကို Land Use Policy ထဲက ၂၇(င)(၂) အတိုင်း လုပ်ပေး

ရမှာ ဖြစ်ပါတယ်။ နောက်ဆုံး Final အတည်ပြုချက်ကို ၂၇(င)(၄)နဲ့အညီ ပြုလုပ်ပြီးတာနဲ့ ရပ်ကွက်၊ ကျေးရွာအလိုက် မှတ်တမ်းတင်ထားခြင်း၊ ၂၇(င)(၅)ကို ပွင့်လင်းမြင်သာစွာ ခင်းကျင်းထားရှိပေးရပါမယ်။ မည်သူမဆို အချိန်မရွေး ကြည့်ရှုနိုင်ရမှာဖြစ်သလို အနာဂတ်အတွက် ဒီမြေအသုံးချမှုလုပ်ငန်းစဉ်တွေဟာ အားလုံးသဘောတူညီမှုရထားတဲ့ အဖြေတွေဖြစ်လို့ ပြဿနာအနည်းဆုံး အကောင်အထည်ဖော်နိုင်မယ့် Land Use Plan တွေကို စဉ်ဆက်မပြတ် လုပ်နိုင်မှာဖြစ်ပါတယ်။ အထက်ပါအတိုင်း ခရိုင်အဆင့်ကနေ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် အမျိုးသားအဆင့်အထိ အားလုံး မှတ်တမ်းတင်ခြင်း ၂၇(င)(၆) လုပ်ငန်းအဆင့်ပြီးဆုံးမှ အမျိုးသားမြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ ရေးဆွဲခြင်းလုပ်ငန်း ပြီးဆုံးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအနေအထားမှာတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ အခြေအနေအရပ်ရပ်က မတူကွဲပြားမှုတွေ များနေတဲ့အတွက် တည်ဆဲဥပဒေများနဲ့ မြေယာစီမံခန့်ခွဲမှု ပြဿနာများကို ဖြေရှင်းဖို့ အခက်အခဲများစွာ ရှိနေသေးတာကို တွေ့ရပါတယ်။ တည်ဆဲမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ ပြင်ဆင်ပြဋ္ဌာန်းပြီးတာ မကြာသေးပေမယ့်လည်း လက်တွေ့လုပ်ကွက်မှာတောင်သူတွေရဲ့ ဓားမဦးချ စိုက်ပျိုးထားတဲ့ နေရာများကို အင်အားကြီးလုပ်ငန်းရှင်တွေက ယန္တရားတွေ၊ လုပ်ပိုင်ခွင့်တွေနဲ့ လက်ဦးမှုရယူပြီး အတင်းသိမ်းဆည်း စိုက်ပျိုးနေကြဆဲမို့ ဥပဒေရဲ့ရည်ရွယ်ချက်ကတခြား၊ နင်းပြားပြည်သူတွေအတွက် ဆိုးကျိုးကတစ်မျိုး ဖြစ်နေလို့ ခုတ်ရာတခြား၊ ရှရာတလွဲနဲ့ ကျောမွဲတွေအတွက် ဟောဟဲဆက်ဖြစ်နေဦးမှာပဲ။ ဒါကြောင့် မို့လို့ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ National Land Law တစ်ရပ်ဖြစ်လာဖို့အတွက် တစ်ကြိမ်နဲ့ လွယ်လွယ်မပြီးနိုင်တဲ့ လုပ်ငန်းကို လိမ်ဖယ်ဖယ်တီးနေရုံနဲ့ မလုံလောက်တော့တာမို့ လက်ရှိဆွေးနွေးနေတဲ့အဆိုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သင့်တယ်ဆိုတာကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၁။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆို၏ အဓိကရည်ရွယ်ချက်က အမျိုးသားမြေဥပဒေတစ်ရပ် ပေါ်ပေါက်လာဖို့ ဖြစ်ပါတယ်။ အမျိုးသားမြေဥပဒေတစ်ခု ပေါ်ပေါက်လာဖို့ရာအတွက် လုပ်ဆောင်ရမည့်ကိစ္စရပ်များမှာ အမျိုးသားမြေအသုံးချမှုမူဝါဒကို ပြန်လည်သုံးသပ်ပြီး မြေယာစီမံအုပ်ချုပ်မှုဥပဒေ၊ အမျိုးသားမြေအသုံးချမှု

မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ၊ မူဘောင်များ ချမှတ်အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်တော်များများတွင် အမျိုးသားမြေဥပဒေ ရေးဆွဲရသည့် အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန်၊ ပုဂ္ဂလိက မြေယာများကို အခြေခံပြီး မြို့ပြစနစ် ထွန်းကားလာစေရန်၊ မြေယာလျော်ကြေးကိစ္စများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊ မြေမဲ့၊ ယာမဲ့ပြည်သူများကို ပြန်လည်ထူထောင်ပေးရန်နှင့် ပြန်လည်နေရာချထားပေးရန်တို့ပဲ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံများမှာတော့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တောင်သူလယ်သမားများ၏ မြေယာကိစ္စများ၊ မြေယာပြဿနာများ၊ မြေယာပိုင်ဆိုင်မှုများနှင့် အခြားအငြင်းပွားဖွယ်ရာ ပြဿနာများ ပေါ်ပေါက်လာပါက လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် လယ်ယာမြေကိစ္စရပ်များကို ထည့်သွင်းရေးဆွဲကြပါတယ်။ နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကလည်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်းက နေပြည်တော်မှာကျင်းပတဲ့ အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်ပတ်သက်တဲ့ ဆွေးနွေးပွဲမှာ မြေယာပြဿနာများနှင့် ပတ်သက်ပြီး စိန်ခေါ်မှုများနှင့် စီမံခန့်ခွဲမှုများကို ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအတွက် အမျိုးသားမြေဥပဒေတစ်ရပ် လိုအပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အကျယ်အဝန်းက ဧရိယာစတုရန်းမိုင်ပေါင်း (၂၆၁၂၂၈) ကျယ်ဝန်းပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံရဲ့ လူဦးရေက (၁၇)သန်းကျော်ရှိပြီး လူဦးရေသိပ်သည်းမှုသည် တစ်စတုရန်း ကီလိုမီတာမှာ (၂၆)ယောက်နှုန်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ကမ္ဘာ့ဘဏ်စစ်တမ်းများ အရ လူဦးရေ(၅၃)သန်းကျော် ရှိလာပြီး လူဦးရေသိပ်သည်းမှုသည် တစ်စတုရန်းမိုင် ကီလိုမီတာမှာ (၈၃)ယောက် ဖြစ်ပါတယ်။ ဒေသအတွင်း အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် လာအိုနိုင်ငံပြီးရင် ဒုတိယ လူဦးရေသိပ်သည်းမှု အနည်းဆုံးနိုင်ငံ ဖြစ်ပါတယ်။ ၂၀၅၀ ပြည့်နှစ် ရောက်တဲ့အခါမှာတော့ မြန်မာနိုင်ငံရဲ့ လူဦးရေသည် (၆၂)သန်းကျော် ရှိလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စားဝတ်နေရေးဟူသော လူသားတို့၏ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် အရေးကြီးဆုံးအချက်များထဲက တစ်ချက်ဖြစ်သည့် နေထိုင်ရေးအတွက် လူသားများသည် ကိုယ်ပိုင်မြေကွက်(၁)ကွက် ပိုင်ဆိုင်နိုင်ရန် လိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့် အစိုးရအနေဖြင့် နိုင်ငံသားများ နေထိုင်ရေး အဆင်ပြေစေနိုင်ရန် ယခုကတည်းက အရှည်ကိုမျှော်တွေးပြီး တိကျတဲ့ ဥပဒေ၊ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို ချမှတ်လုပ်ဆောင်နိုင်ဖို့ လိုအပ်လှပါတယ်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မြေယာကိစ္စသည် လွန်စွာမှအရေးကြီးလှပါတယ်။ အဘယ်ကြောင့်ဆိုသော် ဆန်စပါး၊ သီးနှံများကို စိုက်ပျိုးရန်အတွက် မြေယာကိုပဲ အဓိကအသုံးချရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်တဲ့ တောင်သူလယ်သမားများ၏ မြေယာပိုင်ဆိုင်မှုများ၊ မြေယာလုပ်ပိုင်ခွင့်များကို ကာကွယ်ပေးနိုင်သည့် မြေယာနှင့်ပတ်သက်သည့် Policy၊ မူဘောင်နှင့် ဥပဒေများ ပေါ်ပေါက်လာဖို့ လိုအပ်လှပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများနှင့် နိုင်ငံသားများအကျိုးအပေါ် အခြေခံ၍ မြေယာမူဝါဒတစ်ရပ်ကို အရင်ရေးဆွဲပြီး ယင်းမြေယာမူဝါဒကို အခြေခံပြီး မြေယာဥပဒေတစ်ရပ်ကို ဆက်လက်ရေးဆွဲဖို့ လိုအပ်မှာဖြစ်ပါတယ်။ အရင်က မြန်မာနိုင်ငံမှာ မြေယာမူဝါဒနှင့် ပတ်သက်သည့် သတ်မှတ်ချက်များကို ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို အလျင်စလို

သတ်မှတ်ပြဋ္ဌာန်းလိုက်ပြီးတဲ့နောက် အာဏာပိုင်များ၊ ကုမ္ပဏီများသည် သိမ်းဆည်းထားသည့် မြေများကို ၎င်းတို့၏ နာမည်ပေါက်များဖြင့် ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)များ အလျှင်အမြန် ထွက်ရှိအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ထိုအခါမှာတော့ အာဏာပိုင်များ၊ ခရိုနီများနှင့် ကုမ္ပဏီတွေဟာ မြေယာပိုင်ဆိုင်သွားခဲ့ကြပါတယ်။ ဒါကြောင့် သိမ်းဆည်းခံရသည့် မြေယာလက်လွတ် ဆုံးရှုံးသွားတဲ့ တောင်သူလယ်သမားများ၊ ပြည်သူတွေအတွက် လွန်စွာမှနစ်နာလှပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေတစ်ရပ် ရေးဆွဲမယ်ဆိုလို့ရှိရင် မည်သူ့ကိုမျှ မနစ်နာစေဘဲ တရားမျှတသည့် ဥပဒေတစ်ရပ်ဖြစ်အောင် ရေးဆွဲဖို့ လိုအပ်လှပါတယ်။

၂၀၁၆ ခုနှစ်ရောက်တဲ့အခါမှာတော့ အမျိုးသားမြေအသုံးချမှု မူဝါဒတစ်ရပ် ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒါကို အခြေခံပြီး ပိုမိုကောင်းမွန်တဲ့ မြေယာဥပဒေတစ်ခု ဆက်လက်ရေးဆွဲသွားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ စက်မှု လက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက်လည်း စက်မှုဇုန်များ ဖော်ဆောင်ရာတွင် တိကျသေချာသည့် လုပ်ငန်းစဉ်များ၊ မြေယာမူဝါဒများ ချမှတ်ဖို့ လိုအပ်ပါတယ်။ စက်မှုဇုန် မြေကွက်များကို အစိုးရမှ ဖော်ဆောင်ပြီး အမှန်တကယ် စက်မှုလက်မှု လုပ်ငန်း လုပ်ဆောင်သည့် ပြည်သူများလက်ထဲသို့ ရောင်းချပေးနိုင်ရန် သေချာစွာ စီမံဆောင်ရွက်ရပါမယ်။ ထိုသို့မဟုတ်ဘဲ ယခင်ခေတ်ကအတိုင်း သူ့အကျိုးအမြတ်ရပြီးတော့ လက်ဝါးချင်းရိုက် လုပ်ဆောင်ပါက တစ်ဦးတစ်ယောက်ထဲက စက်မှုဇုန်၊ မြေကွက်အများကြီးကို ပိုင်ဆိုင်သွားပြီး ၎င်းမှ တစ်ဆင့် တကယ်စက်မှုလုပ်ငန်း လုပ်ကိုင်သူများက ပြန်လည်ဝယ်ယူရခြင်းကြောင့် မလိုအပ်ဘဲ ဈေးပိုပေးရတဲ့ သာဓကများလည်း ရှိပါတယ်။ တချို့နေရာများမှာဆိုလို့ရှိရင် မြေဈေးအဆမတန် ကြီးမားခြင်းကြောင့် တကယ်လုပ်ငန်းလုပ်ကိုင်သူများ မဝယ်နိုင်သဖြင့် စက်မှုဇုန်လို့သာ နာမည်တပ်ထားပြီး အမှန်တကယ် စက်ရုံ၊ အလုပ်ရုံမရှိဘဲ မြေကွက်များသာ ပုံဖော်ထားတာက မြေဈေးကစားရာ နေရာတစ်ခုအဖြစ် တည်ရှိနေပါတယ်။ ဒါတွေကိုလည်း ယခုလက်ရှိအစိုးရအနေနဲ့ ပြန်လည်သုံးသပ်ဖို့ လိုအပ်လှပါတယ်။ စက်မှုဇုန်ဆိုမှတော့ စက်ရုံ၊ အလုပ်ရုံရှိရပါမယ်။ မြေကွက်လပ်ရှိမယ်ဆိုရင်တော့ နိုင်ငံရဲ့စက်မှု၊ လက်မှုကဏ္ဍက ဘယ်တော့မှ ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ မော်လမြိုင်မြို့ရှိ ကျောက်တန်း စက်မှုဇုန်သည် အထက်မှာ ကျွန်တော် ပြောပြခဲ့သလိုပါပဲ။ စက်ရုံ၊ အလုပ်ရုံမရှိဘဲ မြေကွက်လပ်များသာ ရှိနေပါတယ်။

မြေဈေးတက်ပြီး ပြန်ရောင်းမည့်အကြံဖြင့် ဝယ်ယူထားသူများသည် မြေရင်းနှီးမြှုပ်နှံရာနေရာ တစ်ခုအဖြစ် တွေ့မြင်နေရပါတယ်။ ဒါဟာ စက်မှုလက်မှုလုပ်ငန်းများ စက်မှုဇုန်များနှင့် ပတ်သက်ပြီး တိကျသေချာတဲ့ မြေယာမူဝါဒမရှိခြင်း၊ ဥပဒေမရှိခြင်းတို့ကြောင့်ဘဲ ဖြစ်ပါတယ်။ အစိုးရမှ လုပ်ငန်းရှင်များ အတွက် မရောင်းစဉ်ကတည်းက စက်မှုလက်မှုလုပ်ငန်း မလုပ်ဆောင်လျှင် ပြန်လည်သိမ်းယူမည် ဖြစ်ခြင်း၊ ဒဏ်ငွေတပ်ခြင်းများကို လုပ်ဆောင်မည်ဟု ညွှန်ကြားချက်များ၊ မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့မယ်ဆိုလို့ရှိရင် ယခုလိုကိစ္စရပ်များ ပေါ်ပေါက်လာမှာ မဟုတ်ပါဘူး။ ယခုကတော့ သူများစက်မှုဇုန်လုပ်၊ ကိုယ်လိုက်လုပ်။ ဘာမူဝါဒမှမရှိ၊ ဘာဥပဒေမှ ရေးဆွဲပြဋ္ဌာန်းခြင်းမရှိဘဲ ပြီးပြီးရော ရုပ်ပြကောင်းအောင် လုပ်ဆောင်ခဲ့လို့ ယခုလိုမဖြစ်သင့်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်က စက်မှုဇုန်ဆိုတာ လူနေထိုင်မှုနှင့် ဝေးကွာတဲ့နေရာများမှာ ဖော်ဆောင်ဖို့ လိုအပ်ပါမယ်။ လူနေထိုင်မည့် ကျေးရွာ၊ ရပ်ကွက်အနီးမှာ ဖော်ဆောင်ခဲ့လို့ရှိရင် စက်ရုံ၊ အလုပ်ရုံများမှ

ထွက်ရှိသည့် မီးခိုးငွေ့များသည် ပြည်သူလူထုကျန်းမာရေးကို ထိခိုက်စေပါတယ်။ မော်လမြိုင် စက်မှုဇုန်၏ ခနောက်စိမ်းစက်ရုံသည် ပြည်သူများနေထိုင်ရာ ရပ်ကွက်အနီးတွင်တည်ရှိနေခြင်းကြောင့် ယခုဆိုရင် စက်ရုံမှထွက်ရှိသည့် အနံ့ဆိုးများကို ပြည်သူများ နေ့စဉ်ရှူရှိုက်နေရပါတယ်။ တကယ် ထိခိုက်နစ်နာလာတော့ စက်မှုဇုန် မတည်ခင်ကတည်းက နေထိုင်ခဲ့သူ ကျေးရွာနေပြည်သူများပဲ ဖြစ်ပါတယ်။ ဒါကြောင့် စက်မှုဇုန်သည် လူနေထိုင်ရာ ရပ်ကွက်မှဝေးရာသို့ ရွှေ့ပြောင်းခြင်းကို လုပ်ဆောင်ရပါမယ်။ ယခုနောက်ပိုင်း စက်မှုဇုန်များ တည်ဆောက်မယ်ဆိုလို့ရှိရင်လည်း မြေနေရာရွေးချယ်မှုနှင့် ပတ်သက်ပြီး ပြည်သူများအကျိုးကို ရည်မျှော်၍ ကောင်းမွန်တဲ့ မြေနေရာရွေးချယ်မှုများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဖို့ လိုအပ်ပါမယ်။ ကောင်းမွန်တဲ့ စီးပွားရေးဇုန်နှင့် အမျိုးသားစနစ် ပေါ်ပေါက်လာစေရန်အတွက်လည်း ကောင်းမွန်သည့် မြေယာအသုံးချမှုပုံစံ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်ရပါမယ်။ ကောင်းမွန်တဲ့ မြေယာအသုံးချမှုကို ဖော်ဆောင်တဲ့ မြို့ပြဖော်ဆောင်ရေး လုပ်ငန်းစဉ်များကတော့ စနစ်ကျသော လူနေရပ်ကွက်များ ဖော်ဆောင်ခြင်း၊ ဌာနဆိုင်ရာများနှင့် လူထုအဖွဲ့အစည်းများနှင့် ပတ်သက်သည့် မြေနေရာများ သတ်မှတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များအတွက် မြေနေရာသတ်မှတ်ခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းများ အတွက် မြေယာသတ်မှတ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ထိန်းသိမ်းရန်အတွက် မြေယာ သတ်မှတ်ခြင်းတို့ကို မြို့တည်ကတည်းက Master Plan ရေးဆွဲပုံဖော်၍ စနစ်တကျ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ကောင်းမွန်တဲ့ မြို့ပြစနစ်တစ်ခု ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ ကျေးရွာများ ဖော်ဆောင်ရာတွင်လည်း မြို့ပြတည်ဆောက်ပုံအတိုင်းပဲ အကောင်အထည်ဖော်ရန် လိုအပ်လှပါတယ်။ ကျေးရွာမြေများတွင်လည်း အစိုးရနှင့်သက်ဆိုင်သည့် အဆောက်အအုံများ လုပ်ဆောင်ရန် ကြိုတင် မြေနေရာ သတ်မှတ်ထားသင့်ပါတယ်။

မြန်မာနိုင်ငံ၏ အချို့ကျေးရွာများရှိ စာသင်ကျောင်းမြေများသည် သစ်တောကြိုးဝိုင်းနှင့် စားကျက်မြေများထဲတွင် တည်ရှိနေပြီး ပြန်လည်ထုတ်နုတ်ထားခြင်း မရှိတဲ့အတွက် ပညာရေးဌာနပိုင် မြေအဖြစ် မတည်ရှိနေဘဲ ပိုင်ဆိုင်မှုများ ရှုပ်ထွေးနေခဲ့ပါတယ်။ ကျေးရွာ စာသင်ကျောင်းများအတွက် မြေနေရာသတ်မှတ်ခဲ့ခြင်း မရှိသဖြင့် အရင်ခေတ်က ရွာသူ ရွာသားများသည် ရွာနှင့်ကပ်လျက် ရှိသော မြေများကို စာသင်ကျောင်း ဆောက်လုပ်ရန် လှူဒါန်းခဲ့ကြပါတယ်။ ယခုကာလရောက်သောအခါ လူဦးရေထူထပ်လာ၍ မြေယာတန်ဖိုးကြီးမားလာပြီး အရင်ကလှူဒါန်းခဲ့သော အလှူရှင်များ၏ သားစဉ် မြေးဆက်များသည် ကျောင်းမြေနေရာများကို ပြန်လည်တောင်းယူလာကြပါတယ်။ အချို့ မြေယာ ကဏ္ဍမှာဆိုလို့ရှိရင် ပညာရေးဌာန လန-၃၉ ပြုပြီး မြေများကိုလည်း အရင်ပိုင်ရှင်များမှ ပြန်လည် တောင်းယူမှုများကြောင့် ပြဿနာများပေါ်ပေါက်ပြီး ကျောင်းအုပ်ကြီးနှင့် ပညာရေးဝန်ထမ်းများမှ စိတ်သောကရောက်နေကြတာကို မြင်တွေ့ကြားသိနေရပါတယ်။ ပညာရေးဌာနပိုင်မြေအဖြစ် စနစ်တကျ သတ်မှတ်ထားခဲ့ခြင်းမရှိသဖြင့် ပညာရေးဌာနပိုင် မြေများတွင် ကျူးကျော်အိမ်များ ဆောက်လုပ်နေထိုင် ခြင်းများရှိသည့်အတွက် ယခုအခါ ပြန်လည်ဖယ်ရှားရန် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရမှု များလည်းရှိပါတယ်။ ဒါတွေဟာ ဘာကိုပြလဲဆိုတော့ တိကျသေချာတဲ့ မြေယာပိုင်ဆိုင်မှု၊ တိကျတဲ့ မြေစာရင်း၊ မြေပုံ ရေးဆွဲခဲ့ခြင်း မရှိခဲ့လို့ပဲဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ဖို့ရန်အတွက်လည်း စိမ်းလန်းစိုပြည်နေသော တောတောင်တွေတည်ရှိသည့် သစ်တောမြေများကို အစကောင်းမှ အနှောင်းသေချာ ဆိုသလို မြန်မာနိုင်ငံအတွက် ကောင်းမွန်သည့် အမျိုးသား မြေယာဥပဒေတစ်ရပ်ကို ပေါ်ပေါက်လာရန် အမျိုးသားမြေယာအသုံးချမှုမူဝါဒများကို ပြန်လည်သုံးသပ်၍ ယခုကတည်းက ကာလလတ်၊ ကာလရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်း ပြောကြားရင်း၊ အဆိုကို ထောက်ခံကြောင်း ဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန် ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲမြင့်ဆွေ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်းပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကနဦးအနေနဲ့ ဒီအဆိုနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြတဲ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မြေအရင်းအမြစ်များ စီမံခန့်ခွဲရာမှာ စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာများနှင့် လူမှုရေးရှုထောင့်စုံတို့မှ သုံးသပ်ပြီး မျက်မှောက်ခေတ်အခြေအနေများနှင့် ကိုက်ညီဆီလျော်မှု၊ လူထုအကျိုးစီးပွား သယ်ပိုးနိုင်မှု၊ တရားမျှတမှု စတဲ့ရှုထောင့်များမှ အလေးထား ဆန်းစစ်ပြီး ဆောင်ရွက်ရန်လိုအပ်သလို ပြည်သူလူထုတစ်ရပ်လုံးရဲ့ ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ မြို့ပြနှင့် လူ့ပတ်ဝန်းကျင်အေးချမ်းသာယာမှု၊ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းနိုင်ဖို့အတွက် ဒီမျက်မှောက်ကာလသာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ ထည့်သွင်းစဉ်းစားပြီးတော့မှ စီမံဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနှင့် ယခင်က မြေအသုံးချမှုမူဝါဒ မရှိခဲ့တဲ့အတွက် မြေယာနှင့်ဆက်စပ်တဲ့အစိုးရဌာန၊ အဖွဲ့အစည်းများအချင်းချင်းကြား ပေါင်းစပ်ညှိနှိုင်းမှု၊ ဆောင်ရွက်ခဲ့မှု အားနည်းခဲ့ပြီးမိမိတို့ရဲ့ကဏ္ဍအလိုက် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ကြတဲ့အတွက်လည်းကောင်း၊ ကဏ္ဍနှင့် ဒေသကြား ပေါင်းစပ်ညှိနှိုင်းမှု မရှိကြတဲ့အတွက်ကြောင့်လည်းကောင်း၊ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲတွေ၊ အငြင်းပွားမှုတွေ ဖြစ်ပေါ်ခဲ့ပြီးနောက် ကျွန်တော်တို့ အကျိုးဆက်အနေနဲ့

နိုင်ငံတော်ရဲ့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို အပဟန့်အတားဖြစ်စေခဲ့ပါတယ်။ ကျွန်တော်တို့ အမျိုးသားမြေအသုံးချမှုမူဝါဒ ရေးဆွဲပြဋ္ဌာန်းရေးလုပ်ငန်းအား ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို Focal Ministry အဖြစ် တာဝန်ပေးသတ်မှတ်ခဲ့ပြီး လမ်းပြမြေပုံများ ရေးဆွဲကာ အဆင့်ဆင့် ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ပြည်သူလူထုများ အပါအဝင် ဆက်စပ်တဲ့ အစိုးရဌာနများ၊ ပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ အားလုံးပါဝင်တဲ့ ဒီ Multi Stakeholder Concentration Process နဲ့ ကျွန်တော်တို့ အစည်းအဝေးပေါင်း (၃၉)ကြိမ်၊ နည်းပညာသင်တန်းရေးရာ (၂)ကြိမ်နှင့် အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ (၅)ကြိမ်တို့ကို ကျွန်တော်တို့ ဒီ Power Point မှာ ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်ထားခဲ့ ပါတယ်။

အဆိုပါ မူကြမ်းများအပေါ် အကြံပြုချက်များ ရယူရန်အတွက်လည်း ကျွန်တော်တို့ Website မှာ မူဝါဒမူကြမ်းတွေ လွှင့်တင်ခဲ့ပြီးတော့မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၆)မြို့တို့မှာ အကြံပြုဆွေးနွေးပွဲတွေကို ၁၇-၁၁-၂၀၁၄ ရက်နေ့ကနေ ၃၀-၁၁-၂၀၁၄ ရက်နေ့အထိ ကျွန်တော်တို့ ကျင်းပခဲ့ပြီး ပြည်သူများထံမှ အကြံပြုချက်များကို ရယူခဲ့ပါတယ်။ ရရှိထား တဲ့ အကြံပြုချက်များကို မှတ်တမ်းတင်ခြင်း၊ သရုပ်ခွဲသုံးသပ်ခြင်းတွေ ဆောင်ရွက်ခဲ့ပြီးတော့မှ ကျွမ်းကျင်မှု စားပွဲဝိုင်း ဆွေးနွေးပွဲတွေကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လတို့မှာ ကျင်းပပြုလုပ်ခဲ့ရာမှာ အစိုးရ ဌာနအဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ အငြိမ်းစားပညာရှင်များနှင့် လူမှုအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ ဆွေးနွေး အကြံပြုခဲ့ကြပါတယ်။

လက်ရှိကလည်း အကြံပြုချက်နှင့် ရလဒ်တွေကို ထည့်သွင်းပြီးတော့မှ အမျိုးသားမြေ အသုံးချမှုမူဝါဒ ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၅ ခုနှစ်၊ မေလမှာ အမျိုးသားမြေအသုံးချမှုမူဝါဒ ဆဋ္ဌမမူကြမ်းကို ရေးဆွဲပြီးတော့မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၉-၆-၂၀၁၅ ရက်နေ့မှ ၃၀-၆-၂၀၁၅ ရက်နေ့အထိ နေပြည်တော် MICC II မှာ ကျွန်တော်တို့ ကျင်းပဆွေးနွေးခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲရဲ့ ရလဒ်တွေနဲ့ အကြံပြုဆွေးနွေးချက် တွေကို အခြေခံပြီး အမျိုးသားမြေအသုံးချမူဝါဒ အချောသတ် ရေးဆွဲခဲ့ပြီးတော့မှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ အမျိုးသားမြေအသုံးချမှုမူဝါဒကို အတည်ပြု ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ မူဝါဒမှာ Power Point တွင် ဖော်ပြထားတဲ့အတိုင်း စုစုပေါင်း အပိုင်း(၁၃)ပိုင်း ပါရှိပြီးတော့မှ အတတ်နိုင်ဆုံး ပြည့်စုံကောင်းမွန်စွာ ရေးဆွဲတင်ပြထားတာ တွေ့ရှိရပါတယ်။ ဒါ့အပြင် အမျိုးသားမြေ အသုံးချမှုမူဝါဒရဲ့ အပိုင်း ၁၃၊ အထွေထွေအခန်းမှာလည်း ပြောင်းလဲလျက်ရှိသော နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေ လိုအပ်ချက်များအရ အနည်းဆုံး(၅)နှစ် (၁)ကြိမ် ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို လိုအပ်သလို သတ်မှတ်ရမည်ဟုလည်း ပါရှိပါတယ်။

အဆိုပါ မြေအသုံးချမူဝါဒမှာလည်း ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်တဲ့ အမျိုးသားမြေဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားမြေအသုံးချမှုကောင်စီကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၇-၁-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာနဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားမြေအသုံးချမှုကောင်စီကို

ဒုတိယသမ္မတ(၂)မှ ဥက္ကဋ္ဌ၊ မြေယာစီမံခန့်ခွဲမှုနှင့်ဆက်စပ်သော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ အပါအဝင် စုစုပေါင်း အဖွဲ့ဝင်(၂၇)ဦးနှင့် ဖွဲ့စည်းထားရှိပြီး ဒီ Power Point ပါ လုပ်ငန်းတာဝန်(၁၀)ချက်ကို သတ်မှတ်ခဲ့ပါတယ်။ အမျိုးသားမြေအသုံးချကောင်စီရဲ့ လုပ်ငန်းတာဝန်တွေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စီမံခန့်ခွဲရေးတို့ကို ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်ပြီးတော့မှ အမျိုးသားမြေအသုံးချမှုမူဝါဒဆိုင်ရာ Forum ကိုလည်း ကျွန်တော်တို့ ၂-၁၀-၂၀၁၈ ရက်နေ့မှ ၃-၁၀-၂၀၁၈ ရက်နေ့အထိ နေပြည်တော် MICC II မှာ ကျင်းပခဲ့ပါတယ်။

လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒီ Power Point တွင် ဖော်ပြပါ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မြေအသုံးချမှုကော်မတီ၊ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေယာစီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေများ၊ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ မြေအသုံးချစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီတို့ကို ကျွန်တော်တို့ အမျိုးသားမြေအသုံးချမှုမူဝါဒဆိုင်ရာ Forum မှ အကြံပြုချက်များနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ မြေသယံဇာတများဟာ နိုင်ငံတော်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား စီမံအုပ်ချုပ်ရမယ့် အကန့်အသတ်ရှိသော အရင်းအမြစ်များဖြစ်ပြီး စနစ်တကျ အသုံးချစီမံခန့်ခွဲနိုင်တာနဲ့အမျှ ပြည်သူရဲ့ လူမှုစီးပွားဘဝ မြင့်မားလာစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေခြင်းကို ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

သို့ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းတဲ့အဆိုနဲ့ စပ်လျဉ်းပြီးတော့မှ ဒီမြေအသုံးချမှု မူဝါဒ အပိုင်း(၁၀)၊ အပိုဒ် ၇၇(က)ပါ အချက်များနှင့်အညီ နိုင်ငံတော်ရှိမြေနဲ့ သက်ဆိုင်တဲ့ တည်ဆဲဥပဒေအားလုံးကို သဟဇာတဖြစ်ရေးအတွက် အမျိုးသားမြေအသုံးချမှုမူဝါဒကို လမ်းညွှန်အဖြစ် အသုံးပြုပြီးတော့မှ အမျိုးသားမြေဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အထက်ဖော်ပြပါ မြေအသုံးချမှုကော်မတီများ၊ အထောက်အကူပြု လုပ်ငန်းကော်မတီများ ပူးပေါင်းပြီး အမျိုးသားမြေအသုံးချမှုမူဝါဒဆိုင်ရာ Forum မှ အကြံပြုချက်နှင့်အညီ ကျွန်တော်တို့ အမျိုးသားမြေဥပဒေ ထွက်ပေါ်လာရေးအတွက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် အဆိုပါ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို လွှတ်တော်မှတ်တမ်းအနေနှင့် ထားရှိပေးပါရန် တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင်၏ သဘောထားကို တင်ပြပေးပါ။

**အချိန်၊ ၁၁း၃၇။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော့်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကို အထူးပဲ ကျေးဇူးတင်ရပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အခုအချိန်မှာ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ ဒီနေရာမှာ ကဏ္ဍတွေကို ချိတ်ဆက်ပြီးတော့ လုပ်ရမှာဖြစ်လို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ ပေါင်းစပ်ပြီးတော့ မြေအသုံးချရေးကို စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘယ်ကဏ္ဍတွေမှာ အချိန်တွေ ဘယ်လောက်ပေးပြီးတော့ ဘာရည်မှန်းချက်တွေ ချထားမလဲ၊ ဘယ်လိုဆောင်ရွက်မလဲဆိုတာက အရေးကြီးပါတယ်။ ဒါ့အပြင် မြေအသုံးချမှုနဲ့ စပ်လျဉ်းပြီးတော့ အခြားနိုင်ငံတွေ၊ ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ နမူနာယူရမှာနဲ့ ကမ္ဘာကြည့် ကြည့်ဖို့လိုပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော်အစည်းအဝေးတွေမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ မေးခွန်းတွေ အများစုဟာလည်း မြေအသုံးချရေးနှင့် ဆက်စပ်ပြီးတော့ တည်နေတာကို သတိထားရမှာ ဖြစ်ပါတယ်။ National Land Use Policy, Myanmar Sustainable Development Plan လို့ ဒီထဲမှာတော့ ကျွန်တော်တို့ ယေဘုယျ ဆန်တာတွေ၊ သီအိုရီတွေ၊ စကားလုံးတွေနဲ့ ပြွတ်ကြပ်နေတာတွေ ကျွန်တော်တို့ ရှိနေပါတယ်။ အခုအချိန် ကျွန်တော်တို့က အလုပ် လုပ်ရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လိုအပ်နေတဲ့ Mother Law ၊ National Land Law နဲ့ ပတ်သက်ပြီးတော့ ကိုယ်စားလှယ်တော်များလည်း ထောက်ပြဆွေးနွေးသွားတာ ရှိပါတယ်။ ဒီဥပဒေကြီးဟာ အင်မတန်မှကို အရေးကြီးပါတယ်။ ဒါ့အပြင် ဒီဥပဒေကြီး ဆောင်ရွက်မယ်ဆိုရင် ဖက်ဒရယ်နဲ့လည်း ချိတ်ဆက်နေတာဖြစ်တဲ့အတွက် ဘယ်လောက် အချိန်ယူရဦးမလဲဆိုတာ ရှိပါတယ်။

ဒါကြောင့် National Land Law ကြီး ဆောင်ရွက်နေတာနဲ့ တစ်ပါတည်း Policy ကို Review လုပ်ဖို့နဲ့ ဒီ National အဆင့် Strategy တွေ Planning တွေကို ရည်မှန်းချက်နဲ့ ချထားဖို့ ဒါ့အပြင် Regional အဆင့် Planning တွေ၊ ဒီကနေပြီးတော့မှ မူကြမ်းတွေအဖြစ်နဲ့ ပြည်သူတွေဆီကို ချပြဆွေးနွေးပြီးတော့ Actions Plan အဖြစ် အခုအချိန်မှာ တွေဝေမနေဘဲ ဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့် အဆိုကို အမျိုးသားလွှတ်တော်ကြီးက အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး တင်သွင်းထားသည့် ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land

Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင် အပေါင်း(+)သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင်အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါ တယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများ ပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ ( ၁၆၀ )မဲ၊ ကန့်ကွက်မဲ ( ၆ )မဲ၊ ကြားနေမဲ ( ၄ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ(၁၃)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့ အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာ ကော်မတီ(၁၃)ခု၏ သက်တမ်းမှာ တစ်နှစ်ပြည့်မြောက်ပြီးဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်း တစ်နှစ်တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၄၄ နာရီ အချိန်တွင် ရပ်နားပါသည်။]